ကတညုတာ ဇော မင်္ဂလ မုတ္တမံ၊ သူ့ကျေးဇူးကို သိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၅ ခုနှစ်၊ နတ်တော်လဆန်း ၇ ရက်၊ ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၁)၊ အမှတ်(၆၁)

လက်ခံတွေ့ဆုံ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တိုင်းရင်းသားခေါင်းဆောင်များအား လက်ခံတွေ့ဆုံ

ရန်ကုန် နိုဝင်ဘာ ၂၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၁၀ နာရီတွင်ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန်ခန်းမ၌ ကချင်ပြည်နယ် အထူးဒေသ(၂)မှ ကချင်တိုင်းရင်းသားခေါင်းဆောင်များဖြစ်ကြသော ဦးလမုန်တူးဂျိုင်၊ ဦးဂျီဇော်ဆိုင်းနှင့်အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များဖြစ်ကြသည့် ဒေါက်တာဆာဘွဲ့ဂျွမ်းနှင့် ဦးခွန်မြတ်တို့အား လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၂ ▼

မြန်မာနိုင်ငံနှင့်အိန္ဒိယနိုင်ငံ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုရှိရင်းစွဲနိုင်ငံများဖြစ် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများလည်းရှိထား သဘောတူစာချုပ်ခုနစ်ရပ်လက်မှတ်ရေးထိုးနိုင်ခဲ့ရာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးများစွာအရေးပါ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့်အလားအလာများ ဖော်ထုတ်နိုင်ရေးညှိနှိုင်းဆွေးနွေး

ရန်ကုန် နိုဝင်ဘာ ၂၉

အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်တွင် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဧယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်)

မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ မည်မျှလုပ်ဆောင်စေကာမူ စိတ်ကောင်းရှိသည့် နိုင်ငံများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နိုင်ငံတော်၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးမူဝါဒများနှင့် ရည်မှန်းချက်များ အောင်မြင်စေရန် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများနှင့် ငွေကြေးဆိုင်ရာမူဝါဒများကို နိုင်ငံတော်အစိုးရက တိကျခိုင်မာစွာချမှတ်ပြီး ပြည်သူ့ဘဏ္ဍာငွေရှာဖွေခြင်း၊ ထိန်းသိမ်းခြင်းနှင့် ခွဲဝေသုံးစွဲခြင်းလုပ်ငန်းများကို စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ စနစ်တကျ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ၊ အကျိုးရလဒ်ကောင်းများ များစွာပေါ်ထွန်းခဲ့သည်။ နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ ပူးပေါင်းပါဝင်မှု၊ ညီညွတ်မှုစွမ်းအားများကြောင့် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ပေါ်ထွန်းနေသည်ကို အထင်အရှားတွေ့မြင်နိုင်သည်။

ယင်းအခြေအနေ အချိန်အခါကောင်းတွင် အင်အားကြီးနိုင်ငံအချို့သည် မြန်မာနိုင်ငံရှိ ၅၂ သန်းကျော်သော ပြည်သူတစ်ရပ်လုံး၏ မျက်နှာကိုမထောက်ထားဘဲ ပြည်သူအများ အခက်အခဲ အမျိုးမျိုးကြုံတွေ့အောင် မတရားစွက်ဖက် ဖိနှိပ်မှုများပြုလုပ်ခဲ့ရာ မကြာသေးမီက ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံရှိ ပုဂ္ဂလိကဘဏ်နှစ်ခုအပေါ် တရားမဝင်သော ငွေကြေးများကို တရားဝင်ပြုလုပ်သည်ဆိုကာ အဓိကစိုးရိမ်ဖွယ်အဖြစ်သတ်မှတ်ပြီး အမေရိကန်ပြည်ထောင်စု၏ USA PATRIOT ACT အခန်း(၃၁၁)အရ အရေးယူမှုများပြုလုပ်မည်ဟု အမေရိကန် ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၉ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနက သတင်းထုတ်ပြန်ချက် တစ်ရပ် နိုဝင်ဘာလ ၂၈ရက်နေ့စွဲဖြင့် အခြေအနေမှန်ကို တိတိလင်းလင်း ထုတ်ပြန်ခဲ့သည်။

အမေရိကန်နိုင်ငံ၏ ထုတ်ပြန်ကြေညာချက်သည် အခြေအနေမှန်ကို သေချာစွာလေ့လာသုံးသပ်ခြင်း မပြုဘဲ ဆောင်ရွက်သည့်လုပ်ရပ်တစ်ခုဖြစ်သည်။ တရားမဝင်ငွေကြေးများ တရားဝင်စေရန်ပြုလုပ်ခြင်းကို ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုတွင် ကူညီပံ့ပိုးရမည့်အစား မည်သို့မျှဆောင်ရွက်ခြင်းမရှိဟု တစ်ဖက်သတ် ကောက်ချက်ချခြင်းသည် မလျော်ကန်သော လုပ်ဆောင်ချက်လည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် တရားမဝင်သောနည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများထိန်းချုပ်ရေးဥပဒေကို ၂၀၀၂ခုနှစ် ဇွန်လက ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ ထိုအရေးပါသည့်လုပ်ဆောင်ချက်ကို အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်တိုင်က အသိအမှတ်ပြုပြီးဖြစ်သည်။ ဤဥပဒေပြဋ္ဌာန်းပြီးနောက် နိုင်ငံတော် အစိုးရအနေဖြင့် လုပ်ဆောင်သင့်သည့် ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်ခဲ့သည်။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ဆွေးနွေးပွဲများလည်း ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံ၏ အပြုသဘော လုပ်ဆောင်ချက်များကို မျက်ကွယ်ပြုပြီး ၎င်းတို့လိုရာဆွဲကာ မြန်မာနိုင်ငံအပေါ် ထပ်မံအရေးယူဆောင်ရွက်မှုများပြုလုပ်ရန် ယင်း၏အဖွဲ့ဝင်များအား တောင်းဆိုမှုနှင့် အမေရိကန်ပြည်ထောင်စု၏ ထပ်ဆင့်ဆောင်ရွက်မှုများသည် မည်သူ့ကိုမျှ အကျိုးမပြုသည့် အကျိုးမရှိသော လုပ်ရပ်များသာ ဖြစ်ပေသည်။

သို့ဖြစ်ရာ အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏အပေါင်းပါတို့သည် မြန်မာနိုင်ငံအပေါ် စီးပွားရေးအရ အရေးယူ ပိတ်ဆို့မှုများဖြင့် ဖိအားအမျိုးမျိုးပေးခဲ့စေကာမူ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာနှင့် တရားမဝင်ငွေကြေးပြဿနာ နှစ်ရပ်စလုံးကို ကျော်လွှားပပျောက်ချုပ်ငြိမ်းစေရန်အတွက် ခိုင်မာသောသန္နိဋ္ဌာန် ချမှတ်ဆောင်ရွက်လျက်ရှိသည်။ ပြဋ္ဌာန်းပြီးဖြစ်သော တရားမဝင်သော နည်းလမ်းဖြင့် ရရှိသည့် ငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ကာ စိတ်ကောင်းစေတနာထားပြီး ကူညီဆောင်ရွက်ပေးလိုကြသည့် နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် ဆက်လက်ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

မိုင်းကာဒေသ ဖွံ့ဖြိုးရေးညှိနှိုင်းအစည်းအဝေးကျင်းပ ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် နိုဝင်ဘာ ၂၉

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် မိုင်းကာဒေသဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် ဝန်ကြီးများရုံး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က မိုင်းကာဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ အသေးစိတ် အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဗိုလ်မှူးကြီးသန်းဆွေက မိုင်းကာဒေသ အခြေအနေနှင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကျန်းမာရေးလုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ပတ်သက်၍ လည်းကောင်း၊ ပညာရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး အောင်မျိုးမင်းက မိုင်းကာဒေသ ပညာရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ စိုက်ပျိုးရေးလုပ်ငန်း ဆပ်ကော်မတီတွဲဖက်အတွင်းရေးမှူး ဒေါက်တာတိုးအောင်က မြေယာဖော်ထုတ်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သမဝါယမထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

သမဝါယမ ထုတ်ကုန်ပြပွဲနှင့် အရောင်းပွဲတော်ကို ရန်ကုန်မြို့ ဆရာစံလမ်းနှင့် တက္ကသိုလ်ရိပ်သာလမ်းထောင့်ရှိ ဆရာစံပလာဇာတွင် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်မှ ၁၉ ရက်အထိ ပြသမည်ဖြစ်ပြီး အဆိုပါပြပွဲတွင် Kol Global Co., Ltd မှ ထုတ်လုပ်တင်သွင်း ဖြန့်ချိသော VENZ° အမှတ် တံဆိပ် (Water Pump) ရေတင်ပန့်များ၊ Blower အနံ့ဆိုး လေမှုတ်ထုတ် စက်များ၊ လျှပ်စစ်မော်တာများကိုအထူးနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချမည်ဖြစ်သည်။

(VENZ)အမှတ်တံဆိပ် Water pump°များသည် ထိုင်းနိုင်ငံနှင့်အီတလီနိုင်ငံမှ ဖက်စပ်ထုတ်လုပ်ထားပြီး မြင်းကောင်ရေ 0.5 HP မှ 50 HP အထိ အမျိုးအစားများစွာ ဖြန့်ဖြူး ရောင်းချပေးလျက်ရှိရာ အနိမ့်ဆုံး အမျိုးအစားဖြစ်သော 0.5 HP သည် ၁ နာရီလျှင် ရေဂါလန် ၁၄၄၀ အထိနှင့် အမြင့်ပေ ၇၂ ပေအထိ လွှတ်တင်နိုင်စွမ်းရှိသည်။

မှာကြားနိုင်

အရည်အသွေးမြင့်မားသော စက်မှုကုန်ကြမ်းများဖြင့် ထုတ်လုပ်ထားသဖြင့် စွမ်းရည်မြင့်မားပြီး တာရှည်သုံးစွဲမှု ခံနိုင်ကြောင်း သိရှိရသဖြင့် ဝယ်ယူသုံးစွဲလိုသူများနှင့် တစ်ဆင့်ပြန်လည်ရောင်းချလိုသူများအနေဖြင့် Kol Global Co., Ltd.အမှတ် ၆၄၆၊ (လေးလွှာ) အင်းစိန်လမ်း လှိုင်မြို့နယ် ဖုန်း-၆၅၁၈၉၆၊ ၅၂၅၀၀၇၊ ၀၉-၈၀၂၁၁၇၀ နှင့် Fax ၅၁၃၄၅၅ သို့ ဆက်သွယ်ဝယ်ယူ မှာကြားနိုင်ကြောင်း သိရသည်။

(က-ပ)

နိုင်ငံခြားသို့ ဆန်တင်ပို့ကြမည်၊ နိုင်ငံခြားကိုဆန်တင်ပို့မယ်ဆိုရင်၊ ဆေးဝါးအတုမလုပ်နဲ့၊ ကြက်သွန်နီ အဝင်များသဖြင့် စသည့် သတင်းဆောင်းပါးများဖြင့် အမှတ် ၁၁၂ (မြေညီထပ်)၊ ၅၂လမ်း(အလယ်)၊ ပုဇွန်တောင် မြို့နယ်၊ ရန်ကုန်မြို့က ဖြန့်ချိလိုက်သော ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်နေ့ထုတ် ကုမုဒြာဂျာနယ်မျက်နှာဖုံး။

(က-ပ)

နိုဝင်ဘာ ၂၇ ရက်က ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်းအတွက် တန်ဖိုးငွေကျပ် ခုနစ်သိန်းတန် သင်ထောက်ကူပစ္စည်း ကွန်ပျူတာတစ်စုံကို ကမာရွတ်မြို့နယ် အမက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသီစိုးသိမ်းက ဒဂုံမြို့နယ် ပညာရေးမှူး ဦးတင်ကျွယ်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်ကစ်တီတို့ထံ ဒဂုံ အမက(၁)ကျောင်းခန်းမတွင် ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

▼ **နိုင်ငံတော်မှ**

ထိုသို့ တွေ့ဆုံရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ သတ္တုတွင်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ဒုတိယတပ်မတော်ထောက်လှမ်းရေးမှူးချုပ် ဗိုလ်ချုပ်ကျော်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တိုင်းရင်းသားခေါင်းဆောင်များက မိမိတို့အဖွဲ့အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်နှင့် ပတ်သက်၍ ကြိုဆိုထောက်ခံပါကြောင်းနှင့် အမျိုးသားညီလာခံကိုလည်း စုံစုံညီညီ တက်ရောက်ကြမည်ဖြစ်ကြောင်းဖြင့် ပထမဦးစွာတင်ပြသည်။

ဆက်လက်၍ တိုင်းရင်းသားခေါင်းဆောင်များက ဒေသဖွံ့ဖြိုးရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်း၊ ရေအားလျှပ်စစ်လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၃၀-၁၁-၂၀၀၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **"ပဋိစ္စသမုပ္ပာဒ်နှင့် ကမ္မဘဝရှင်းတမ်း"**

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၄:၃၀ ၅။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(မြန်မာစာ) (ခ)ပထမနှစ် (ဒဿနိကဗေဒ)
၅:၀၀ ၆။ အမေးကမ္ဘာတွေးစရာ
၆:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၈။ နိုင်ငံတကာသတင်း
၆:၂၀ ၉။ တိုင်းကျိုးပြည်ပြုတည်ထောင်ပြု
၆:၃၅ ၁၀။ မိုးလေဝသသတင်း
၆:၄၀ ၁၁။ မြန်မာ့ရှုခင်း
၆:၅၀ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ညီအစ်မလေးဖော်"** (အပိုင်း-၁)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၁၆။ လျှပ်တစ်ပြက်
၁၇။ English Premier League Chelsea Vs Manchester United ဘောလုံးပွဲ

အပူခံရော်ဘာကုန်ချော ထုတ်လုပ်မှုသင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း၊ ရော်ဘာပစ္စည်းထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာန၏ စီစဉ်မှုဖြင့် ဆီစိမ်နှင့် အပူခံရော်ဘာကုန်ချောပစ္စည်းများထုတ်လုပ်ခြင်း နည်းပညာ သင်တန်း အမှတ်စဉ်(၁/၂၀၀၃)ကို ဒီဇင်ဘာ ၁၆ ရက်မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူများ ရော်ဘာပစ္စည်းထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနသို့ ဒီဇင်ဘာ ၁၀ ရက်နောက်ဆုံးထား၍ ဆက်သွယ်ကာ သတ်မှတ်သင်တန်းကြေးပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

အဆိုပါ သင်တန်းတွင် အခြေခံရော်ဘာနည်းပညာရပ်များ၊ ရော်ဘာမိုလ်ပြုလုပ်သည့်နည်းပညာရပ်များနှင့် ဆီစိမ်နှင့်အပူခံရော်ဘာကုန်ချောပစ္စည်းများကို စီးပွားဖြစ်ထုတ်လုပ်နိုင်သည့်အဆင့်အထိ စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

ဘွဲ့ရ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံရှိပါက တက္ကသိုလ်ဝင်တန်းအောင်ပြီးသူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၆၆၆၀၂၄ နှင့် ၆၆၀၄၅၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

စီးပွားရေးတက္ကသိုလ်(ရန်ကုန်) စတင်တည်ထောင်သောနေ့ အထိမ်းအမှတ် အာစရိယပူဇော်ပွဲ အခမ်းအနားကို မြန်မာနိုင်ငံ စီးပွားရေးတက္ကသိုလ် ဘွဲ့ရများအသင်းက ကြီးမှူး၍ ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ဒီဇင်ဘာ ၂၀ ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်သည်။ အဆိုပါ အာစရိယပူဇော်ပွဲကို ယခင်နှစ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် ယခင်တက်ရောက်ခဲ့ကြသော ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာမရောက်သော်လည်း တက်ရောက်ပေးပါရန်နှင့် စီးပွားရေးတက္ကသိုလ် ဘွဲ့ရကျောင်းသား ကျောင်းသူများကလည်း စုံညီစွာ တက်ရောက်ကြရန် အာစရိယပူဇော်ပွဲ အတွက် အလှူငွေများကို ဦးစိုးတင့်အောင် ဥက္ကဋ္ဌ ဖုန်း-၅၃၄၄၁၂၊ဦးသင်းမောင်ဒု-ဥက္ကဋ္ဌ ဖုန်း-၆၅၂၀၆၅၊ ဦးခိုင်ဝင်း ဘဏ္ဍာရေးမှူး ဖုန်း-၇၀၈၈၂၇၊ ဦးလှငြိမ်း အတွင်းရေးမှူး ဖုန်း-၅၃၄၄၀၄ တို့သို့ ဆက်သွယ် လှူဒါန်း နိုင်ကြောင်း သိရသည်။

(က-ပ)

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တရားတော်ဟောကြားမည်

ရန်ကုန် နိုဝင်ဘာ ၂၉

သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း(က)ရပ်ကွက် ကျွန်းရွှေမြိုင်လမ်းထိပ်ရှိ စနေပါတ် သံဃာ့ဒါနဆွမ်းလောင်းအသင်း၏ အကြိမ် (၂၀)မြောက် ဆွမ်းအောင်ပွဲအဖြစ် ဒီဇင်ဘာ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇ ရက်တွင် တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁ ရက်နှင့် ၂ ရက်တွင် U.K အရှင်ကောသလ္လ (ဓမ္မစေတီဆရာတော်) M.A (Buddhism)၊ ဒီဇင်ဘာ ၃ ရက်တွင် ဦးသုဇာတ (မေတ္တာအေးဆရာတော်)၊ ဒီဇင်ဘာ ၄ ရက်တွင် ဦးရေဝတ (ဝါးခယ်မဆရာတော်)၊ ဒီဇင်ဘာ ၅ ရက်တွင် အရှင်ဝိမလ-နည်းပြ (ပရိယတ္တိမဟာဌာန) အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒီဇင်ဘာ ၆ ရက်တွင် ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ မဟာဌာနမှူး (ပဋိပတ္တိမဟာဌာနမှူး)အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၊ ဒီဇင်ဘာ ၇ ရက်တွင် ဘဒ္ဒန္တ စန္ဒသူရိယ (အောင်စကြာဆရာတော်) ဗဟုဓေဟိတရေဆရာတော်တို့က ညစဉ် ၇:၃၀ နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားမည်ဟု သိရသည်။

(က-ပ)

မလိုသူ့စကား လားလားမျှမမှု

❖ ပင်ပန်းပါစေ၊ မတွေဝေဘူး
တို့တွေဘဝ၊ လွတ်လပ်ကြလျှင်။
❖ မချမ်းသာလည်း၊ ဝမ်းမနည်းဘူး
အမြဲစိတ်မှာ၊ လွတ်လပ်စွာဖြင့်
ကိုယ်ပိုင်ရာမြေ၊ ကိုယ့်ဌာနေနှင့်
ကိုယ့်ဆွေကိုယ့်မျိုး၊ ဂုဏ်တန်ဖိုးတွေ
ခြေနေမပျက်
တည်တံ့လျက်သာ၊ ရှိနေပါလျှင်။
❖ မလိုသူများ၊ ဆိုစကားကြောင့်
တို့များသွားရာ၊ ခရီးတာကို
တွန့်ကာဆုတ်ခြင်း၊ တွေဝေခြင်းတို့
အလျှင်းရှိမည်မဟုတ်ပါ။
❖ တို့ရည်မှန်းချက်၊ ချမှတ်ချက်သည်
သူများအတွက်မဟုတ်ပါ။
❖ တို့ရည်မှန်းချက်၊ ချမှတ်ချက်သည်
တို့တွက်တို့တာ၊ လွတ်လပ်စွာဖြင့်
တို့ကြမ္မာကို၊ ပိုင်စွာဖန်တီး
တို့ပြည်ကြီးကို၊ ခိုင်ပြီးအားမာန်
ရှိစေရန်မို့၊ အမှန်မပျက်
ဆက်လုပ်ရမှာ တို့ဝန်တာ
မပျက်မကွက်ဆက်လုပ်မှာ။ ။

ပိုးဝ

လယ်ယာစိုက်ပျိုးမှုဆိုင်ရာစာရင်းများ စိစစ်တည်းဖြတ်ခြင်းလုပ်ငန်းသင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ ၂၀၀၃ ခုနှစ် မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးမှုဆိုင်ရာစာရင်းများ စိစစ်တည်းဖြတ်ခြင်း လုပ်ငန်းအတွက် စာရင်းကောက်ယူရရှိသည့် တောင်သူလယ်သမားများ၏ မေးခွန်းလွှာများအပေါ် ဖြေကြားချက်များကို လူအင်အားဖြင့် စိစစ်တည်းဖြတ်ခြင်းလုပ်ငန်းသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီခွဲတွင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(ဓါတ်ပုံ)**

အဆိုပါသင်တန်းသို့ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ရဲဖုန်းမြင့်၊ စီမံကိန်းဒါရိုက်တာ ဦးဝင်းထွန်းနီနှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ပြီး သင်တန်းသားများအဖြစ် ဒုတိယပြည်နယ်/ တိုင်း မြေစာရင်းဦးစီးဌာနမှူးများနှင့် ဦးစီးအရာရှိများ စုစုပေါင်း ၇၀တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွား/ ကူးသန်းဂျာနယ်ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၂၉

စီးပွား/ကူးသန်းဂျာနယ် အတွဲ(၃)၊အမှတ်(၂၂)ကိုထုတ်ဝေလိုက်သည်။ စီးပွား/ကူးသန်းဂျာနယ်တွင် မောင်စူးစမ်း၊ အောင်သင်း၊ ဦးဟန်ထွန်း၊ရတနာစည်ဆရာတော်၊ပါရဂူ၊ ဒေါက်တာခင်မောင်ညို၊မောင်ဆုရှင်တို့၏ ဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။**(အပေါ်ပုံ)(က-ပ)**

IBTC ဂေါက်သီးရိုက်ပြိုင်ပွဲအကြို သတင်းစာရှင်း

ရန်ကုန် နိုဝင်ဘာ ၂၉

IBTC ကုမ္ပဏီက ဦးစီးကျင်းပမည့် ၂၀၀၃-၂၀၀၄ ခုနှစ် Grand Royal Golf Tournament ပြိုင်ပွဲများနှင့် စပ်လျဉ်း၍ အကြိုသတင်းစာ ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် IBTC ကုမ္ပဏီမှ ဒါရိုက်တာအဖွဲ့ဝင် ဦးလွင်အောင်အေးက နှုတ်ခွန်းဆက် အဖွင့်စကားပြောကြားပြီး ဒါရိုက်တာ ဦးတင်ဦးက ၂၀၀၃-၂၀၀၄ ခုနှစ် Golf Tournamentပြိုင်ပွဲများ ကျင်းပမည့် အစီအစဉ်နှင့် ဆုချီးမြှင့်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသည့် စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များက ဂေါက်သီးရိုက်ပြိုင်ပွဲ အစီအစဉ်နှင့် စပ်လျဉ်း၍ သိရှိလိုသည့် အကြောင်းအရာများကို မေးမြန်းရာ ဒါရိုက်တာအဖွဲ့ဝင်များက ပြန်လည်ဖြေကြားကြသည်။**(ယာပုံ)**

၂၀၀၃-၂၀၀၄ ခုနှစ် Grand Royal Special Reserve Golf Tournament ပြိုင်ပွဲများကို ဒီဇင်ဘာ ၆ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကလပ်၊ ဒီဇင်ဘာ ၂၀ ရက်တွင် ပုဂံ-ညောင်ဦးမြို့ ပုဂံ ဂေါက်ကလပ်၊ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် တောင်ကြီးမြို့ အေးသာယာ ဂေါက်ကလပ်၊ ဇန်နဝါရီ ၁၇ ရက်နှင့် ၁၈ ရက်တွင် ရန်ကုန်မြို့ ရန်ကုန် (မြို့တော်)ဂေါက်ကလပ်နှင့် ဇန်နဝါရီ၃၁ရက်ထားဝယ်မြို့ထားဝယ် ဂေါက်ကလပ်များတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

Grand Royal Special Reserve Golf Tournament ပြိုင်ပွဲတစ်ရပ်တွင် ဆုအမျိုးအစား (၁၆)မျိုး၊ ပြိုင်ပွဲငါးရပ်အတွက် ဆုအရေအတွက် စုစုပေါင်း ၈၀ နှင့် အတူ အထိမ်းအမှတ် ဆုဖလားချီးမြှင့်မည်ဖြစ်ပြီး ဂေါက်သီးရိုက်အားကစားသမား ၁၅၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ရန် ခန့်မှန်းထားကြောင်း သိရသည်။

(က-ပ)

စာအုပ်ဈေးပွဲတော်ငွေကျပ်(၁၈)သိန်းကျော်ဖိုးရောင်းချ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၁၃၆၅ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ်ကျင်းပသော မြန်မာ၀တ္ထုရှည်နှစ်တစ်ရာပြပွဲနှင့် စာအုပ် ဈေးပွဲတော်ကို အမှတ်(၃၇၉/၃၈၃) ဗိုလ်အောင်ကျော်လမ်း ယခင် ရန်ကုန်ဂေဇက် အဆောက်အအုံ၌ အဋ္ဌမနေ့အဖြစ် ဆက်လက်ပြသရောင်းချရာ ရဟန်းရှင်လူ ပြည်သူ ၉၀၀၀ကျော်ခန့် စည်ကား သိုက်မြိုက်စွာ လာရောက်ကြည့်ရှု ဝယ်ယူလျက်ရှိကြသည်။

ယနေ့စာအုပ်ဈေးပွဲတော်တွင် စာအုပ်အရောင်းဆိုင်များမှ စုစုပေါင်း ငွေကျပ် ၁၈၀၉၄၀၀ဖိုး ရောင်းချရကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၂၈ ရက်က ဘဂ္ဂဒက်မြို့ မြောက်ဘက် တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ် ယာဉ်မောင်းတစ်ဦးနှင့် သူ၏ ကားကို စစ်ဆေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မိုဆူးလ်ရှိစစ်အခြေစိုက်စခန်းကိုပြောက်ကျားတို့တိုက်ခိုက် စိန်ပြောင်းဖြင့် ပစ်ခတ်ခံရ၍ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင်ရှိသော အမေရိကန်စစ်အခြေစိုက်စခန်းတစ်ခုကို သောကြာနေ့တွင် ပြောက်ကျားတို့က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးသွားသည်။

ဘဂ္ဂဒက်မြို့၌ အဝေးပြေးလမ်းမကြီးခုံးကျော်တံတားပေါက်ကွဲမှုကြောင့် အနည်းငယ်ပျက်စီးခဲ့ရပြီး အီရတ်မြောက်ပိုင်းနှင့် အလယ်ပိုင်း၌ သီးခြားဖြစ်ပွားသောတိုက်ပွဲများတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ကြောင်း စစ်ဘက်ဆိုင်ရာကပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်ဘက်မိုင် ၆၀ ၌ရှိသော ရာမာဒီမြို့ရှိ အခြေစိုက်စခန်းတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် ရရှိသောသေနတ်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရသည်။ မည်သို့သောသေနတ်ပစ်ခံရသည်ကို ချက်ခြင်းရှင်းရှင်းလင်းလင်း မသိရကြောင်း စစ်ဘက်ဆိုင်ရာက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

သေဆုံး

မိုဆူးလ်မြို့တွင်ရှိသော အမှတ် (၁၀)လေကြောင်းချီတပ်မကိုသောကြာနေ့ကစိန်ပြောင်းလေးလုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာတွင် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးခဲ့သည်ဟု ဆိုသည်။

တိုက်ခိုက်

အမေရိကန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ရေးသမားများသည် မကြာသေးမီသီတင်းပတ်များအတွင်း၌တို့၍ တိုက်ခိုက်လာခဲ့ကြသည်။

နိုဝင်ဘာလထိ၌ တိုက်ပွဲ၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၆၀ ကျော်မျှရှိခဲ့ရာ မေလ ၁ ရက်၌ စစ်ပွဲပြီးကြောင်း ကြေညာခဲ့ချိန်မှ စပြီး အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးသည့် အခြားလများထက် ပိုသွားခဲ့သည်။ **(အင်တာနက်)**

အီရတ်စစ်ပွဲတွင် ဗြိတိန်ကုန်ကျစရိတ် ပေါင်နှစ်ဘီလီယံရှိခဲ့ ၂၀၀၄ ခုနှစ် ပထမနှစ်ဝက်၌ သီးသန့်ဖယ်ထားသောငွေများကုန်သွားဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သိမ်းပိုက်ခဲ့သည့်အတွက် ဗြိတိန်နိုင်ငံက ကုန်ကျခဲ့ရသော စရိတ်စကသည် ပေါင် နှစ်ဘီလီယံ(ဒေါ်လာ ၃ဒသမ ၄ဘီလီယံ) ရှိကြောင်း ဖိုင်နင်ရှယ်တိုင်းမ်က သောကြာနေ့တွင် သတင်းဖော်ပြလိုက်သည်။

အမေရိကန်ဦးဆောင်ပြီး အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက်ခဲ့ပြီး မကြာမီ မတ်လ၌ ကုန်ဆုံးခဲ့သော ဘဏ္ဍာရေးနှစ်အတွင်း အီရတ်တိုက်ပွဲကုန်ကျစရိတ် ပေါင်သန်း ၈၀၀ရှိသည်ဟု ဘဏ္ဍာရေးဌာနက ပြောကြားသည်။ လက်ရှိဘဏ္ဍာရေးနှစ်ထဲ၌ နောက်ထပ်ကုန်ကျစရိတ်မှာ ပေါင် ၁ဒသမ ၂၃ဘီလီယံဖြစ်ကြောင်း သတင်းစာက ဖော်ပြသည်။

ကုန်မည်

အီရတ်စစ်ပွဲ ကုန်ကျစရိတ်လုံလောက်စေရန် သီးသန့်ဖယ်ထားသော ပေါင် သုံးဘီလီယံသည် ယခုကုန်ကျသည့်နှုန်းအတိုင်းဆိုလျှင် ၂၀၀၄ခုနှစ် ပထမနှစ်ဝက်အတွင်း၌ ကုန်သွားဖွယ်ရှိကြောင်း ဖိုင်နင်ရှယ်တိုင်းမ်က ရေးသားသည်။

ရှိနေဆဲ

ဗြိတိန်နိုင်ငံ၏ အီရတ်၌ ဆက်လက်ဆောင်ရွက်နေသော ငြိမ်းချမ်းရေးထိန်းသိမ်းမှုခန့်မှန်းကုန်ကျစရိတ်မှာ တစ်လလျှင် ပေါင်သန်း ၁၀၀နှင့် ၂၀၀ကြားရှိသည်ဟု ဆိုသည်။ အီရတ်နိုင်ငံတွင် ဗြိတိသျှတပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်ရှိနေဆဲဖြစ်ပြီး အများစုမှာ အီရတ်နိုင်ငံတောင်ပိုင်း၌ ရှိသည်။

(အင်တာနက်)

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နိုဝင်ဘာ ၂၈ ရက်က အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် စစ်ယာဉ်တစ်စီးနှင့် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့အုပ်ချုပ်ရေး လွှဲပြောင်းပေးမည့်အစီအစဉ် မပြည့်စုံ မလုံလောက်ဟု အီရတ်ခေါင်းဆောင်တစ်ဦးပြောဆို

နာဂျက်ဖ် နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံ အကြီးအကဲတစ်ဦးက အမေရိကန်တို့ အီရတ်တို့ကို အုပ်ချုပ်ရေး လွှဲပြောင်းပေမည့်အစီအစဉ်သည် ပြည့်စုံခြင်းမရှိသည့်အပြင် လုံလောက်မှုလည်းမရှိကြောင်း နာဂျက်ဖ်မြို့၌ ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၏ သြဇာအရှိဆုံး အစ္စလာမ္မစ်ခေါင်းဆောင်အဖြစ် ကြည်ညိုလေးစားခြင်းခံရသော ဆေယစ်အလီအယ်လ်စီစတာနီက အစီအစဉ်နှင့် ပတ်သက်၍ ဒွိဟဖြစ်ကြောင်း ပြောဆိုခဲ့သည်ဟု အီရတ် အဗ္ဗဒူအဇစ်အယ်လ်ဟာကင်က ပြောကြားသည်။

စီစတာနီသည် နိုင်ငံရေးနှင့်စပ်လျဉ်း၍ လူထုသို့ ကြေညာချက်ထုတ်ပြန်ရန် ခဲယဉ်းသော်လည်း အုပ်ချုပ်မှုလွှဲပြောင်းရေးဆိုင်ရာ အချိန်ဇယားအပေါ် ဝေဖန်ချက်တစ်စုံတစ်ရာသည် အမေရိကန်၏ အစီအစဉ်ကို ရှီးယားအများအပြားက ကန့်ကွက်နိုင်သည်ဆိုသော အဓိပ္ပာယ်ဖြစ်သည်။

အီရတ်နိုင်ငံလူဦးရေ၏ ၆၀ ရာခိုင်နှုန်းမှာ ရှီးယားတို့ဖြစ်ကြပြီး အီရတ်၏နောက် အစိုးရတွင် ဦးဆောင်နိုင်ငံရေးကဏ္ဍမှ လုပ်ရှားရန် မျှော်လင့်ရာ၌ အမေရိကန်အုပ်ချုပ်ရေးအဖွဲ့နှင့်ဖြစ်ပွားသည့်မပြေလည်မှုတွင်၎င်းတို့၏ ခေါင်းဆောင်များသည် ရှောင်နေခဲ့ကြသည်။

(အမ်အင်အေ၊ရိုက်တာ)

လူဝံကြီးများမျိုးတုံးပျောက်ကွယ်တော့မည်

ပါရီ နိုဝင်ဘာ ၂၈

လူသားများနှင့် မျိုးဗီဇချင်းဆက်စပ်နေသော လူဝံကြီးများသည် လာမည့်နှစ် ၂၀အတွင်း မျိုးတုံးပျောက်ကွယ်တော့မည်ဖြစ်ကြောင်း ယူနက်စကိုက ပါရီမြို့၌ ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သော အဆိုပါသတ္တဝါများ ဆက်လက်ရှင်သန်ရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကျန်ရှိနေသေးသော လူဝံကြီးများကို ထိန်းသိမ်းစောင့်ရှောက်ကယ်တင်ရန် အမေရိကန်ဒေါ်လာ ၂၅ သန်းခန့် ကုန်ကျမည်ဖြစ်သည်။ **(စီအင်န်အင်န်)**

အမေရိကန်တပ်များကျူးလွန်သော စစ်ရာဇဝတ်မှုများ စုံစမ်းသူ လူ့အခွင့်အရေးရှေ့နေ လန်ဒန်၌အဖမ်းခံရ

လန်ဒန် နိုဝင်ဘာ ၂၈

အီရတ်တွင် အမေရိကန်တပ်များ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုသတင်းများကို စုံစမ်းနေသော လူ့အခွင့်အရေးရှေ့နေတစ်ဦးသည် လန်ဒန်မြို့၌ အဖမ်းခံရပြီး ၁၉၉၀ပြည့်နှစ်များအတွင်း ဆက်ဒမ်ဟူစိန်ကို ပိတ်ပင်အရေးယူမှု ပျက်ပြားအောင် အကူအညီပေးမှုဖြင့် တရားစွဲခြင်းခံထားရသည်။

စစ်ဆန့်ကျင်ရေးလှုပ်ရှားသူမှာ ဒေါက်တာအဗ္ဗဒူဟက်အယ်လ်အနီဖြစ်သည်။ သူသည် အီရတ်ဒုတိယဝန်ကြီးချုပ်ဟောင်းတာရစ်အဇစ်အတွက် ဆောင်ရွက်ပေးနေသူဖြစ်ပြီး နိုင်ငံရေးတရားစွဲခြင်းခံခဲ့ရသူ ဖြစ်သည်။

ဒေါက်တာအနီသည် ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်ပြီး ဆက်ဒမ်အစိုးရကို အတိုက်အခံပြုနေသူတစ်ဦးလည်းဖြစ်သည်။ ၁၉၈၆ခုနှစ်၌ အီရတ်မှ ထွက်ခွာခဲ့ပြီး ဗြိတိန်နိုင်ငံ၌ ရှေ့နေဘွဲ့ရခဲ့သည်။ စစ်ဆန့်ကျင်ရေး စည်းရုံးလှုံ့ဆော်သော ရှေ့နေများအုပ်စုဝင်တစ်ဦးအဖြစ် အီရတ်နိုင်ငံမှနေ၍ မကြာသေးမီက လန်ဒန်သို့ ပြန်ရောက်ခဲ့သည်။ အီရတ်တွင် သူသည်အမေရိကန်စစ်တပ်က ကျူးလွန်ခဲ့သော လူ့အခွင့်အရေး အလွဲသုံးမှုများနှင့် စပ်လျဉ်း၍ ထွက်ဆိုချက်များကို စုဆောင်းခဲ့သည်။

ဒေါက်တာအနီ အီရတ်၌ ရှိနေချိန်တွင် တာရစ်အဇစ်၏ မိသားစုက သူ့အား အခကြေးငွေပေးပြီး ငှားရမ်းခဲ့သဖြင့် ဘဂ္ဂဒက်၌ အမေရိကန်တပ်များက ဖမ်းဆီးချုပ်နှောင်ထားသော ဒုတိယဝန်ကြီးချုပ်ဟောင်းအား သွားတွေ့နိုင်ရန် ကြိုးပမ်းခဲ့သည်။

ဒေါက်တာအနီအား အကောက်ခွန်နှင့် ယစ်မျိုးဌာနက အင်္ဂါနေ့၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ဒေါက်တာအနီအား ဖမ်းဆီးစစ်ဆေးပြီးနောက် အိမ်ကိုဝင်ရာခဲ့သော်လည်း ဘာမျှယူဆောင်မသွားဟု ဆိုသည်။

၎င်းအား ခံဝန်ချုပ်ဖြင့် လွှတ်ပေးထားပြီး ဇန်နဝါရီ ၂၃ရက်၌ ပြန်စစ်မေးခြင်းခံရမည်ဖြစ်သည်။

(အင်တာနက်)

အမေရိကန်ဦးဆောင်တပ်များက အီရတ်နိုင်ငံအား ကျူးကျော်တိုက်ခိုက် စဉ်ကာလက လူအများသေစေနိုင်သော ကလပ်စတာဗုံးများကို ဤသို့ကြဲချခဲ့သည်။ (ယင်းကဲ့သို့ ဗုံးများဖြင့် တိုက်ခိုက်ခြင်းကြောင့် အပြစ်မဲ့အီရတ်ပြည်သူများသေကျေကြရပြီး အိုးအိမ်များဆုံးရှုံးပျက်စီးမှုများဖြစ်ပေါ်ခဲ့သည်။ မပေါက်ကွဲသေးသည့် ၎င်းဗုံးအချို့မှာ အီရတ်ကလေးငယ် အများစု၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည်။) (ဓာတ်ပုံ-အင်တာနက်)

ခြံရံစောင့်ကြပ်ပေး

နိုဝင်ဘာ ၂၈ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ အမေရိကန်ဆန့်ကျင်ရေးအီရတ်ခေါင်းဆောင်တစ်ဦးအား ၎င်း၏ကိုယ်ရံတော်များက ခြံရံစောင့်ကြပ်ပေးနေစဉ်။ (၎င်းနေ့က အမေရိကန်စစ်အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

မတရားကျူးကျော်သူအမေရိကန်ဦးဆောင်တပ်များက အီရတ်ပြည်သူများကို လူအများသေစေနိုင်သော ဗုံးများဖြင့် တိုက်ခိုက်ခဲ့

အီရတ်တို့၏အချုပ်အခြာအာဏာ အီရတ်ပြည်သူတို့ထံပြန်ပေးရန် တောင်းဆိုနေကြ

ကျူးကျော်မှုကို ဆန့်ကျင်

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်တပ်များက ကျူးကျော် တိုက်ခိုက်မှုကို အီရတ်ပြည်သူများက ဆန့်ကျင်လျက်ရှိသည်။

(ယာပုံမှာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အဇာမီရပ်၌ အမေရိကန်ဆန့်ကျင်ရေးစာတန်းများ ရေးသားထားသည့်နေရာမှ အီရတ်သားအမိ ဖြတ်လျှောက်သွားစဉ်။)

(ဓာတ်ပုံ- အင်တာနက်)

အီရတ်တို့၏ အချုပ်အခြာအာဏာကို အီရတ်တို့အား ပြန်လည်ပေးအပ်ခြင်းဖြင့် အီရတ်တို့က ဆန့်ကျင်ကန့်ကွက်ခြင်းများကိုပြောင်းလဲစေလိမ့်မည်ဟု အီရတ်တစ်ဦးက နိုဝင်ဘာ ၂၈ ရက်က ပြောဆိုလိုက်သည်။

(ဝဲပုံမှာ အီရတ်ပြည်သူများအချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် ကြိုးပမ်းနေစဉ်အတွင်း ရတ်ရတ်သဲသဲဖြစ်နေသည်ကို အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကစောင့်ကြည့်နေစဉ်။) (ဓာတ်ပုံ-အင်တာနက်)



နိုဝင်ဘာ ၂၆ ရက်က ဘဂ္ဂဒက်မြို့လယ်၌ အမေရိကန်ဦးဆောင်တပ်များ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်အမိုးကို အီရတ်ကလေးငယ်တစ်ဦးက ကြည့်နေစဉ်။ (ဓာတ်ပုံ- အင်တာနက်)

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးတွင် ဗုံးတစ်လုံးပေါက်ကွဲ အမေရိကန်စစ်ဘက်ဆိုင်ရာ ယာဉ်သုံးစီးထိမှန်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

ဘဂ္ဂဒက်မြို့အနောက်ဘက် ဆင်ခြေဖုံး၌ အမေရိကန်စစ်ဘက်ဆိုင်ရာနှင့်ဆက်စပ်သော ယာဉ်သုံးစီး နိုဝင်ဘာ ၂၇ ရက်က ဗုံးတစ်လုံး ပေါက်ကွဲထိမှန်ခံရသော်လည်း ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း ယာယီပူးပေါင်းအာဏာပိုင်အဖွဲ့ သတင်းရပ်ကွက်များက ပြောကြားသည်။

အဆိုပါဗုံးသည် အဘူဂရိပ်၌ နိုဝင်ဘာ ၂၇ ရက် ကြာသပတေးနေ့ နံနက်ပိုင်းက ပေါက်ကွဲခြင်းဖြစ်ပြီး ကန်ထရိုက်ကားနှစ်စီးနှင့် စစ်ဘက်ယာဉ်တစ်စီး မီးလောင်ကျွမ်းခြင်း ခံရသဖြင့် အမှတ်(၃) အဝေးပြေးလမ်းမကြီးကို ယာယီပိတ်ထားလိုက်ရသည်။

ပစ်ခတ်ခံရ

ဗုဒ္ဓဟူးနေ့ညပိုင်း၌ ဘဂ္ဂဒက်ရှိ အီတလီသံရုံး ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်ခံရသဖြင့် အဆောက်အအုံ ဒုတိယထပ် အနည်းငယ်ပျက်စီးသွားကြောင်း အီတလီအရာရှိများက ပြောကြားသည်။ ည ၁၁ နာရီခွဲအချိန်၌ တိုက်ခိုက်ခြင်းခံရချိန်တွင် အဆောက်အအုံထဲ၌ လူတစ်ယောက်မျှမရှိဟုဆိုသည်။

သေဆုံး

ယခုလအစောပိုင်းတွင် အီရတ်တောင်ပိုင်းရှိ နာဆီရီယာမြို့တွင် အီတလီစစ်ရဲဌာနချုပ်ကို ကားဗုံးဖြင့်တိုက်ခိုက်ခဲ့ရာ အီတလီ ၁၉ ဦးနှင့် အီရတ် ကိုးဦး သေဆုံးခဲ့ရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်၌ကုလနောက်ထပ်ဆောင်ရွက်ရေး စီစဉ်နေကြောင်း ကိုဖီအာနန်ပြောဆို

ကုလသမဂ္ဂ နိုဝင်ဘာ ၂၉

အီရတ်နိုင်ငံ၌ ကုလသမဂ္ဂ၏ နောက်ထပ်လုပ်ရှားဆောင်ရွက်မှုအတွက် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ပြောကြားလိုက်သည်။

အီရတ်နိုင်ငံ၌ ကုလသမဂ္ဂ၏ အနာဂတ်အရေးနှင့်ပတ်သက်ပြီး လာမည့် နှစ်ပတ်အတွင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ထုတ်ပြန်ကြေညာမည် ဖြစ်ကြောင်းလည်း ကိုဖီအာနန်က ပြောကြားခဲ့သည်။ **(စီစီတီဗွီ)**

နိုဝင်ဘာ ၂၇ ရက်က ဘဂ္ဂဒက်မြို့တွင် အမေရိကန်စစ်ယာဉ်သုံးစီး ဖြတ်သွားစဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ မီးလောင်လျက်ရှိသော ယာဉ်တစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အမေရိကန် ဟော်လီဘာတွန်ကုမ္ပဏီကို တရားစွဲဆို

ဘဂ္ဂဒက် နိုဝင်ဘာ ၂၉

အီရတ်တွင်ရှိသော အမေရိကန်တပ်များကို ဓာတ်ဆီရောင်းချရန်အတွက် အဆမတန်များပြားသော ဈေးနှုန်းများ တောင်းယူခြင်းဖြင့် သာမန်အခွန်ထမ်း အမေရိကန်ပြည်သူများကို လိမ်ညာယူခဲ့ကြောင်း အမေရိကန်ဥပဒေပြု အမတ်သုံးဦးက ရေနံလုပ်ငန်းနှင့် ဆောက်လုပ်ရေးအုပ်စု ဟော်လီဘာတွန်နှင့် ယင်း၏ ကယ်လ်လောဘ်ဘရောင်းအင်ရှုတ်ကုမ္ပဏီကို တရားစွဲဆိုထားသည်။ ဟော်လီဘာတွန်ကို တစ်ချိန်က အမေရိကန် ဒုတိယသမ္မတဒစ်ချိနီက ဦးဆောင်ခဲ့သည်။

ထိုကိစ္စနှင့်စပ်လျဉ်း၍ ဟော်လီဘာတွန်ကုမ္ပဏီကို စုံစမ်းစစ်ဆေးရန် အမေရိကန်ကာကွယ်ရေးဌာနကို အထက်လွှတ်တော်အမတ် ဂျိုးဇက်လီဗာမင်း၊ ဂျွန်ဒင်ဂျယ်လ်နှင့် ဟင်နရီဝက်စ်မင်းတို့က အင်္ဂါနေ့တွင် တောင်းဆိုထားသည်။

တောင်းယူ

၎င်းတို့က ဟော်လီဘာတွန်သည် ကူဝိတ်မှနေ၍ အီရတ်သို့ ဓာတ်ဆီပေးပို့ရန်အတွက် တစ်ဂါလန်လျှင် ၂ ဒသမ ၆၅ ဒေါ်လာတောင်းယူခဲ့ကြောင်း ပြောဆိုကြသည်။ ထိုအချိန်တွင် အီရတ်အစိုးရပိုင် ရေနံကုမ္ပဏီက တစ်ဂါလန်လျှင် ၉၆ ဆင့်သာ ပေးခဲ့သည်ဟု ဆိုသည်။

လျှော့နည်း

ကာကွယ်ရေးဌာနပိုင် လောင်စာဖြန့်ဖြူးရေးဌာနကလည်း တစ်ဂါလန်လျှင် ဒေါ်လာ ၁ ဒသမ ဝ၈ နှင့် ၁ ဒသမ ၁၉ ကြားသာပေးခဲ့ရာ သိသိသာသာ လျှော့နည်းခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆေးရေးမှူးချုပ်ထံ ပေးပို့သည့်စာ၌ ဥပဒေပြုအမတ်သုံးဦးက အကယ်၍ အီရတ်ပြန်လည်တည်ဆောက်ရေးလုပ်ငန်း အောင်မြင်လိုလျှင် ပွင့်လင်းမှုရှိရန်နှင့် တာဝန်ယူရန် လိုအပ်သည်ဟု ရေးသားဖော်ပြထားသည်။ **(အင်တာနက်)**

လုံခြုံရေးစောင့်ကြပ်

နိုဝင်ဘာ ၂၈ ရက်က မိုဆူးလ်မြို့ပြင်တွင် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။ (မကြာမီရက်များက မိုဆူးလ်မြို့တစ်ဝိုက်တွင် အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်မှုများ ပိုမိုပြုလုပ်လာလျက်ရှိသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်များ လုံခြုံရေးကို အထူးကြပ်မတ်ဆောင်ရွက်နေရသည်။)

(ဓာတ်ပုံ–အင်တာနက်)

စစ်ပွဲကြောင့် အီရတ်ရေနံထုတ်လုပ်မှု မသေချာမရေရာဖြစ်ခဲ့ ကမ္ဘာ့ရေနံဈေးကွက် ဟန်ချက်ညီမှုလည်း ထိခိုက်ခဲ့ရ

ကရာကာ့စ် နိုဝင်ဘာ ၂၉

အီရတ်စစ်ပွဲကြောင့် နိုင်ငံတကာဆိုင်ရာသည် မသေချာ မရေရာဖြစ်ခဲ့ရပြီး ကမ္ဘာ့ရေနံဈေးကွက်၏ ဟန်ချက်ညီမှုလည်း ထိခိုက်စေခဲ့သည်ဟု ဗင်နီဇွဲလားသမ္မတ ဟူဂိုရှာဗက်ဇ်က ကြာသပတေးနေ့၌ ပြောကြားလိုက်သည်။

မတည်မငြိမ်ဖြစ်ခဲ့

စစ်ပွဲကို အပြင်းအထန်ကန့်ကွက်ခဲ့သူ ရှာဗက်ဇ်က အီရတ်ကို ကျူးကျော်ဝင်ရောက်တိုက်ခိုက်သည့်အတွက် ကြောက်စရာကောင်းလောက်အောင် အခြေအနေမတည်ငြိမ်မှုကြီးဖြစ်ခဲ့ရသည့်ပြင် အထွေထွေအကြမ်းဖက်မှုလည်း ဖြစ်ခဲ့ရသည်ဟု ပြောဆိုသည်။

ထိခိုက်

အီရတ်၏ ရေနံထုတ်လုပ်မှုကဏ္ဍ၏ အနာဂတ်သည် မသေချာမရေရာမှုနှင့် ဝိုင်းရံနေရာ ကမ္ဘာ့ရေနံဈေးကွက်တွင် ထုတ်လုပ်မှုနှင့်ယှဉ်၍ ဈေးနှုန်းဟန်ချက်ညီမျှမှုသည် ထိခိုက်ခဲ့ကြောင်း သမ္မတရှာဗက်ဇ်က ပြောဆိုသည်။

မျှော်လင့်

ကုလသမဂ္ဂက အီရတ်ရှိ ပူးပေါင်းအာဏာပိုင်အဖွဲ့ကို အသိအမှတ်မပြုသမျှ ဗင်နီဇွဲလားနိုင်ငံက အသိအမှတ်ပြုမည်မဟုတ်ကြောင်း အီရတ်ပြည်သူများနှင့် ကမ္ဘာ့ပြည်သူများ ငြိမ်းချမ်းရေးဖြစ်ရမည် မျှော်လင့်ကြောင်း ဗင်နီဇွဲလားသမ္မတက ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေဒီယိုသတ္တိကြွမှုကြောင့် နာမကျန်းဖြစ်သည့်သတင်းဖော်ပြရာမှ အီရတ်၌ ကိုဗော့သတ္တုပျောက်မှု စစ်ဆေးရန်ဖြစ်ပေါ်

ဘဂ္ဂဒက် နိုဝင်ဘာ ၂၈

အီရတ်နိုင်ငံတွင် ရေဒီယိုသတ္တိကြွမှုကြောင့် နာမကျန်းမှုဖြစ်သည့်အကြောင်းကို နယူးယောက်တိုင်းမ်က ဖော်ပြခဲ့ရာမှ ကိုဗော့သတ္တုပါရှိသော ပစ္စည်းထည့်အိမ်နှစ်ခု မည်သို့အခိုးခံရသည်ဆိုသည်ကို စုံစမ်းစစ်ဆေးရန် ဖြစ်ပေါ်လာခဲ့ရသည်။

ယင်းပစ္စည်းထည့် အိမ်နှစ်ခုမှာ ဘဂ္ဂဒက်မြို့အပြင်ဘက် သဲကန္တာရအတွင်း ဆက်ဒမ်ဟူစိန်၏ အဓိက စမ်းသပ်ကွင်းမှ ပထမဆုံး အခိုးခံရသော ပစ္စည်းထည့် အိမ်နှစ်ခု ဖြစ်သည်။

ဖော်ပြ

ယင်းသို့ အခိုးခံရပြီးနောက်ပိုင်း၌ လုံခြုံရေးအတွက် အမေရိကန်တပ်များက ပိုက်စိပ်တိုက် ဆောင်ရွက်ခဲ့ရာမှ ပြန်ရှာတွေ့ခဲ့သည်ဟု တိုင်းမ်က အင်္ဂါနေ့၌ ရေးသားဖော်ပြခဲ့သည်။ ထိုရေဒီယိုသတ္တိကြွမှုကြောင့် အသက်(၃၀)အရွယ် အီရတ်ရွာသားတစ်ဦးထက် မနည်းနှင့် ယောကျ်ားလေးတစ်ဦးတို့ နာမကျန်းဖြစ်ခဲ့ကြပြီး နောက်ထပ် နာမကျန်းဖြစ်သည်ဆိုသည့်အမှုများ ထပ်မံပေါ်ပေါက်လာမည်ကို စိုးရိမ်နေရသည်။

စစ်ဆေး

၇၅ ပေအရှည်ရှိ ရေဒီယိုသတ္တိကြွမှု စမ်းသပ်ရေး ပစ္စည်းရှစ်ခု၏ အန္တရာယ်ရှိမှုကို ဖော်ထုတ်ကြေညာခဲ့ပြီးနောက် ယင်းပစ္စည်းများရှိရာ နေရာကို အဘယ်ကြောင့် အစောင့်အရှောက် ပိုချမထားသည်ကို စုံစမ်းစစ်ဆေးခဲ့သည်။

(အင်တာနက်)

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့ (၂၁)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲကျင်းပ

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမျိုးမြင့်နှင့် ပြည်တွင်းပြည်ပမှပါမောက္ခ ဆရာဝန်ကြီးများ၊ အမျိုးသမီးဆရာဝန်များ၊ အဖွဲ့ဝင်ဆရာဝန်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဒေါ်ရီရီလှက ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနားကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကန်တော့ခံ အသက်(၇၀)နှင့်အထက် ဆရာကြီး ဆရာမကြီး ၃၁၀ တို့အား ဂါရဝပြုကန်တော့ကြသည်။

ဆက်လက်၍ ကန်တော့ခံဆရာကြီး ဆရာမကြီးများအား မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်)အမျိုးသမီးဆရာဝန်များအဖွဲ့ ဦးဆောင်နာယက ဒေါက်တာဒေါ်ခင်ဝင်းရွှေ **(ယာပုံ)** နှင့် တာဝန်ရှိသူများက တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ကန်တော့ခံဆရာကြီး ဆရာမကြီးများကိုယ်စား ဆရာကြီး ဗိုလ်မှူးကြီးလှဟန်(အငြိမ်းစား)က ဆုံးမသြဝါဒစကားပြောကြားသည်။

(သတင်းစဉ်)

ဝိဇာတမင်္ဂလာကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၈

စစ်ကိုင်းတိုင်း မုံရွာမြို့ မဟာလယ်တီတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက ပထမကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ နတ်တော်လဆန်း ၁၃ ရက်နေ့သည် မီးရှူးသန့်စင်သော မွေးနေ့မင်္ဂလာအခါတော်နေ့ဖြစ်သည်။

ဆရာတော်ကြီး၏ ဝိဇာတမင်္ဂလာအခါတော်နေ့တွင် မဟာသရဏဂုံ စာမေးပွဲဝင် ရဟန်းရှင်လူ ပုဂ္ဂိုလ်များအား ဂုဏ်ပြုအောင်လက်မှတ်များ ဆက်ကပ်ပြီး မဟာလယ်တီတိုက်အတွင်းရှိ ကျောင်းအသီးသီးနှင့် ဆရာတော်ကြီး၏ ကျမ်းပေါင်းမြောက်မြားစွာထားသိုရာ ကျောက်စာတိုက်တို့တွင် ဆီမီးရောင်စုံများ ထွန်းညှိ၍ ပူဇော်ကြမည်ဟု သိရသည်။**(က-ပ)**

မြေတိုင်းဦးစီးဌာန၏ ၂၀၀၄ ခုနှစ် ပြက္ခဒိန်ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၂၉

တိုင်းနှင့်ပြည်နယ် (၁၄)ခုတို့၏ ရုပ်ကြွ Digital မြေပုံများကို နိုင်ငံခြားစက္ကူဖြင့် ပုံနှိပ်ထားပြီး စာမျက်နှာ (၁၆)မျက်နှာပါရှိသည်။ မြေတိုင်းဦးစီးဌာနက ရိုက်နှိပ်ပြီး ဝင်းမာလာစာပေ ၁၈၂ (၃၁)လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၂၄၈၁၂၈ က တစ်စောင်လျှင် ကျပ် ၁၅၀၀ဖြင့် တစ်ပြည်လုံးသို့ဖြန့်ချိလိုက်ကြောင်း သိရသည်။ **(က-ပ)**

■ *ကမ္ဘာတစ်ဝန်းမှ*

လူသားတို့တွင် ဖြစ်ပွားတတ်သော ရောဂါများအနက် ကြောက်စရာအကောင်းဆုံးရောဂါသည် ကိုယ်ခံအားကျဆင်းစေပြီး လူ့အသက်ပါ ဆုံးရှုံးနိုင်သည့် အေအိုင်ဒီအက်စ် ရောဂါဆိုးဖြစ်၏။အဆိုပါရောဂါဆိုးတိုက်ဖျက်ရေးလုပ်ငန်းကို တစ်ကမ္ဘာလုံးဝိုင်းဝန်းတိုက်ဖျက်လျက်ရှိသည်။ယခုဒီဇင်ဘာလ ၁ ရက်နေ့တွင် ကမ္ဘာတစ်ဝန်း လူထုလှုပ်ရှားမှုအသွင်ဖြင့် ဝိုင်းဝန်းတိုက်ဖျက်သည့်အခမ်းအနားများနိုင်ငံများစွာတွင် ကျင်းပကြတော့မည်ဖြစ်သည်။

အဆိုပါရောဂါဆိုး တိုက်ဖျက်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များနှင့် သိကောင်းစရာများကို ရန်ကုန်မြို့ အထက်ပန်းဆိုးတန်းလမ်းရှိ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးစီမံချက်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမင်းသွယ်နှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

"မြန်မာနိုင်ငံမှာ ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားများကို လူထုလှုပ်ရှားမှုအသွင်ဖြင့် အမြို့မြို့ အနယ်နယ်မှာ ကျင်းပခြင်းရဲ့ အဓိကရည်ရွယ်ချက်ကတော့ ပြည်သူအားလုံး ကျန်းမာရေးအသိပညာတိုးစေလိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်တာပါ။ ပြည်သူတွေအသိပညာတိုးလာရင် ရောဂါကာကွယ် တိုက်ဖျက်ရေးလုပ်ငန်းတွေမှာ လက်တွဲပါဝင်လာကြပြီး ဒီရောဂါဆိုးကြီးလျော့နည်းပပျောက်သွားမှာပါ" မှန်ပါသည်။

ခုခံအား ကျဆင်းမှုရောဂါတိုက်ဖျက်ရေးတွင် ပြည်သူလူထုအားလုံး အသိအမြင်တိုးကာ ပါဝင်ဖို့ အဓိကလိုအပ်ပါသေး၏။ ယခင်က ရောဂါတိုက်ဖျက်ရေးတွင် ပါဝင်မှုအားနည်းခဲ့သည်။ ရောဂါဝေဒနာရှင် ဆိုလျှင်ဝေလာဝေး၊ ယခုတော့ အသိအမြင်တိုးလာပါပြီ။ ပြည်သူများကို အသိအမြင်တိုးအောင် ပြန်ကြားပေးနိုင်ပြီဖြစ်ပါသည်။

"ပြည်သူတွေ အသိအမြင်တိုးဖို့တကယ်ပဲလိုအပ်ပါတယ်၊ အသိအမြင်တိုးမှသာ အိပ်ချ်အိုင်ဗွီ ကူးစက်ခံရသူတွေ၊ အေအိုင်ဒီအက်စ်ရောဂါခံစားနေရသူတွေနဲ့ မိသားစုဝင်တွေအပေါ် မကောင်းမြင်ဝါဒနဲ့နှိမ့်ချခြင်း၊ ရှုတ်ချခြင်း ပြုလုပ်နေမှုတွေ လျော့နည်းပပျောက်သွားမှာပါ၊ ဒါကြောင့် တစ်နိုင်ငံလုံးမှာအဖွဲ့ ၄၀ဖွဲ့ထားပါတယ်။

"ဒီ ကြောက်စရာကောင်းတဲ့ ရောဂါဆိုးကြီးကို ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ခြင်းဖြင့် ပြည်သူအားလုံး အသိအမြင်တိုးလာအောင် လုပ်ဖို့လိုပါတယ်"
ဒေါက်တာမင်းသွယ်
လက်ထောက်ညွှန်ကြားရေးမှူး

ရောဂါကာကွယ်တိုက်ဖျက်ရေးစာတမ်းတွေတင်ဖို့ လုပ်ထားပါတယ်။ ခရိုင်အဆင့်သတ်မှတ်ထားတဲ့ မြို့နယ်တွေကို သွားရောက်ပြီး ကွင်းဆင်းပညာပေးလုပ်ငန်းတွေလုပ်ပါဦးမယ်"

ထို့နောက် ရောဂါတိုက်ဖျက်ရေးနှင့်ပတ်သက်၍ မြို့ပေါ်တွင်သာ လူသိများသည်ဟု ယူဆထားရာ ယခုမြို့ပေါ်တွင်သာမက ကျေးလက်တောရွာများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည်ကိုတွေ့မြင်နေရသဖြင့်သိလိုသည်များကိုမေးခဲ့မိသည်။

"အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးကို မြို့ပေါ်တွင်သာ မကပါဘူး ကျေးလက်တွေမှာလဲ လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျေးလက်တွေမှာ ယခင်လိုမဟုတ်တော့ပါဘူး။ ဖွံ့ဖြိုးတိုးတက်နေပါပြီ၊ ဒီလိုဖွံ့ဖြိုးတိုး တက်ပြီး အစစအရာရာ ပြည့်စုံလာတော့ အပျော်အပါးလိုက်စားမှုတွေရှိလာပြီး ရောဂါဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျေးလက်တွေမှာလဲ စောင့်ရှောက်ဖို့လိုတယ်ပြောတာပါ"

"ဆက်လက်ပြောလိုတာကဒီရောဂါဖြစ်ရတဲ့အဓိကဖြစ်ပွားမှုဟာ အပျော်အပါးလိုက်စားမှုက အများဆုံးဖြစ်ပွားပါတယ်။ ဒုတိယက မူးယစ်ဆေးဝါးသုံးစွဲ မှုကဖြစ်ပါတယ်။ လူငယ်လူရွယ်များမှာ အဖြစ်များပါတယ်။ ဒါကြောင့် အနာဂတ်ကိုပိုင်စိုးမယ့် လူငယ်လူရွယ်များ ဒီရောဂါပိုးမကူးစက်ရန် အသိပညာများများပေးဖို့လိုပါတယ်။ ဒါဟာ အရေးကြီးပါတယ်။ရှူးရှူးမိုက်မိုက်အရွယ်လေးတွေ မကောင်းတာကို မလုပ်မိဖို့၊ ပေါ့ပေါ့တန်တန် သဘောထားပြီး နေမိလို့ ကုရာနတ္ထိဆေးမရှိဘဲ သေမင်းတမန်ကို ရင်ဆိုင်ရမယ့် အဖြစ်ဆိုးကို မရောက်ဖို့ ပညာပေးကြတာပါ"

"ဒါကြောင့်မြို့တွေ၊ ရပ်ကွက်တွေ၊ ကျောင်းတွေသာမက ကျေးလက်တောရွာတွေအထိပါပညာပေးပါတယ်။ ကျောင်းတွေမှာလဲ ပညာပေးပါတယ်။ စက်ရုံ၊ အလုပ်ရုံတွေမှာလဲ ပညာပေးပါတယ်။ နောက်တစ်ခုက ရောဂါဖြစ်ပွားလာတဲ့သူရှိရင် ဖေးမကူညီဖို့ပါ။ ဒါဟာလဲ အရေးကြီးပါတယ်၊ ရောဂါဖြစ်ပွားတဲ့သူဆိုရင် လူ့အသိုင်းအဝိုင်းက ရှောင်ဖယ်ထားတတ်ပါတယ်။ ဒါကြောင့် ရောဂါပိုးရှိသူဟာ စိတ်ဓာတ်ကျပြီး ကိုယ့်ကိုယ်ကိုတန်ဖိုး မထားတော့ပါဘူး။ စိတ်ပျက်အားငယ်စိတ်တွေဖြစ်ပေါ်ပြီး စိတ်ပိုင်းဆိုင်ရာ ခံစားချက်တွေဖြစ်ပေါ်ရာက လူ့သက်တမ်းကို ပိုမိုတိုစေပါတယ်။ ရောဂါပိုးကူးစက်ခံထားရသူမှာ စိတ်ဓာတ်ကျမနေဘဲ ရောဂါတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် လက်တွဲပါဝင်လာကြရင် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ် တိုက်ဖျက် ရေးလုပ်ငန်းများဟာ ပိုမိုအောင်မြင် လာမှာဖြစ်ပါတယ်"

အေအိုင်ဒီအက်စ်ရောဂါပိုး ကူးစက်ခံရသူများအတွက် ပျောက်ကင်းအောင် ကုသနိုင်သောဆေးလဲမရှိ၊ မကူးစက်နိုင်အောင်လဲမကာကွယ်နိုင်၊ ပတ်ဝန်းကျင်၏ ဖယ်ကြဉ်ခြင်းလဲခံရ၊ ထို့ကြောင့် ကောင်းသည့်အကွက် လုံးဝမရှိ။ မဖြစ်ပွားခင်ကလဲ လူတိုင်းအတွက် အသိပညာပေးရာတွင်ပါဝင်၊ ဖြစ်ပွားလာပါကလဲ အားလုံးဝိုင်းဝန်းဖေးမကူညီပါက အောင်မြင်မှု အတိုင်းအတာက မဆုံးနိုင်၍ ယခုနှစ်ကမ္ဘာ့အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ရေးနေ့ဆောင်ပုဒ် ဖြစ်သည့် **"အိဒ်စ်ရောဂါကြုံတွေ့သူ ကြည်ဖြူစေတနာ လက်တွဲကူ"** ဆောင်ပုဒ်အတိုင်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

နိုဝင်ဘာ၂၉ရက်က ဗဟန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း စတုတ္ထအကြိမ်မြောက် မိသားစုဝင်ငွေတိုးလုပ်ငန်း ယှဉ်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို ဗိုလ်စိန်မှန်အားကစားကွင်း၌ကျင်းပရာ အနောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးချစ်ညွန့်က ပထမရရှိသွားသော ဆရာစံမြောက်အနောက်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲအား ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၃ စတုတ္ထနေ့ဆက်လက်ပြသ

ရန်ကုန် နိုဝင်ဘာ ၂၉

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုပံ့ပိုးကူညီမှုဖြင့် ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနတွင် ယနေ့ စတုတ္ထနေ့အဖြစ် ဆက်လက်ပြသလျက်ရှိသော မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၃ သို့ လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါပြပွဲတွင် ဂျပန်၊ အမေရိကန်၊ အင်္ဂလန်၊ စင်ကာပူ၊ ကိုရီးယား၊ ဂျာမနီ၊ ပြင်သစ်၊ သြစတြေးလျ၊ ဘရာဇီး၊ တရုတ်၊ စပိန်၊ အီတလီ၊ အင်ဒိုနီးရှားနိုင်ငံပေါင်းစုံမှ တင်သွင်းသော Pentel, Carl, Max, Midori, Sam Wang, Taeyang, Hello Kitty, Comix, Helix, Panaco အမှတ်တံဆိပ် ရုံးသုံး၊ ကျောင်းသုံး စာရေးကိရိယာအမျိုးမျိုး၊ My Shaldan, ARS, Kobayashi° အမှတ်တံဆိပ် ကား၊ အိမ်ခန်းသုံး၊ ရေချိုးခန်းသုံး ရေမွှေးများ၊ Oriental Koshin အမှတ်တံဆိပ် လယ်ယာစိုက်ပျိုးရေးသုံး ရေစုပ်ပန့်များ၊ Makita, Maktec အမှတ်တံဆိပ် လက်သမားသုံးပစ္စည်းများ၊ Turtle Wax အမှတ်တံဆိပ် ကားပေါလစ်များ၊ WD-40 အမှတ်တံဆိပ် သံချေးချွတ်ဆေးများ၊ Granja Lawnmover, Kaaz အမှတ်တံဆိပ် မြက်ရိတ်စက်များ၊ V-Tech, Oci, Orgafix အမှတ်တံဆိပ် ကော်အမျိုးမျိုး၊ Stihl တံဆိပ် သစ်ဖြတ်စက်များ၊ Ercolina အမှတ်တံဆိပ် အလူမီနီယမ်လှေကားများ၊ Yamaha အမှတ်တံဆိပ် မီးစက်များ၊ အင်ဂျင်အမျိုးမျိုးတို့အပြင် အထည်အလိပ်အမျိုးမျိုး၊ အလှကုန်နှင့် လူသုံးကုန်၊ အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊စားသောက်ကုန်ပစ္စည်း အမျိုးမျိုးတို့ကို ကုန်ပစ္စည်းသရုပ်ပြရှင်းလင်းပွဲနှင့်အတူ ခင်းကျင်းပြသလျက်ရှိသည်။ **(သတင်းစဉ်)**

မြန်မာတုန်းတာကုန်စည်ပြပွဲ ၂၀၀၃ တွင် Pentel(Japan) Co., Ltd. ပြခန်းအားတွေ့ရစဉ်။ (က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်များမသုံးစွဲရနေ့

လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့) နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလအတွက်
နောက်ဆုံးပတ် (တနင်္ဂနွေနေ့) (၃၀-၁၁-၂၀၀၃)ရက်နေ့
၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလအတွက်
(၁၄-၁၂-၂၀၀၃)ရက်နေ့
နှင့်
(၂၈-၁၂-၂၀၀၃)ရက်နေ့

■ *မြန်မာနိုင်ငံမှ*

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အစည်းအဝေးမှာ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သော် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်းရှေခါဝပ်၏ ခရီးစဉ်အတွင်း ဆွေးနွေးညှိနှိုင်းရရှိချက်များ၊ နှစ်နိုင်ငံလက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်များအရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ဖွယ်ရာများ ဆွေးနွေးညှိနှိုင်းကြမည့် အစည်းအဝေးဖြစ်ကြောင်း။

ချစ်ကြည်ရေးခရီးလာရောက်ခဲ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ ဘိုင်ရွန်ဆင်းရှေခါဝပ်သည် မြန်မာနိုင်ငံသို့ ၂၀၀၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ လေးရက်ကြာ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် နယ်နိမိတ်ချင်း ဆက်စပ်နေပြီး ချစ်ကြည်ရင်းနှီးမှုရှိရင်းစွဲ အိမ်နီးချင်းနိုင်ငံများဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဖြစ်ထွန်းနေသည့်အပြင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှု အစဉ်အလာကောင်းများလည်း ရှိထားပြီးဖြစ်ကြောင်း။

နှစ်နိုင်ငံအကြား ဝန်ကြီးအဆင့်များ အပြန်အလှန်သွားလာလည်ပတ်မှုများ ရှိခဲ့သော်လည်း ယခုအိန္ဒိယနိုင်ငံဒုတိယသမ္မတ၏ ခရီးစဉ်မှာ မိမိတို့ အစိုးရခေတ်ကာလအတွင်း နိုင်ငံ့ခေါင်းဆောင်အဆင့်ဖြင့် ပထမဆုံး ချစ်ကြည်ရေးခရီးစဉ်ဖြစ်ရာ ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုဟု ဆိုရမှာဖြစ်ကြောင်း။

ယင်းချစ်ကြည်ရေးခရီးစဉ်မှာ များစွာအောင်မြင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သိပ္ပံနှင့်နည်းပညာကဏ္ဍနှင့် ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားရန် အခြေခံကောင်းများ များစွာချမှတ်နိုင်ခဲ့ကြောင်း။

ယခု၂၀၀၃ခုနှစ်အတွင်း နှစ်နိုင်ငံ သဘောတူစာချုပ်ခုနစ်ရပ်လက်မှတ်ရေးထိုးနိုင်ခဲ့ရာ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်ရေးတွင် များစွာအရေးပါသော လုပ်ငန်းများပင်ဖြစ်ကြောင်း။

ယခုအခါတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ကုလားတန်မြစ်ကုန်းရေနှစ်သွယ် ဆက်သွယ်ရေး စီမံကိန်း၊ အိန္ဒိယ–မြန်မာ–ထိုင်း သုံးနိုင်ငံ ဆက်သွယ်မှုလမ်းမကြီး တည်ဆောက်ရေးစီမံကိန်း၊ ရိဒ်–တီးတိန်၊ ရိဒ်–ဖလမ်း လမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း၊ ကမ်းလွန်ဒေသ သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး စီမံကိန်းစသည့် စီမံကိန်းကြီးများအား စတင်အကောင်အထည် ဖော်လျက်ရှိကြောင်း။

ထို့အပြင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး စသည့်ကဏ္ဍများတွင်လည်း အောင်မြင်စွာပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း။

လမ်းခင်းပေးနိုင်ခဲ့

အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံရှေ့ဆက် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ရှေ့အလားအလာကောင်းများစွာကို လမ်းခင်းပေးနိုင်ခဲ့သည်ကို တွေ့ရကြောင်း။

သို့ဖြစ်၍ အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်အတွင်း ညှိနှိုင်းဆွေးနွေးရရှိချက်များ၊ နှစ်နိုင်ငံ လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်များ ဆက်လက်အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရအောင်၊ နှစ်နိုင်ငံရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများဖော်ထုတ်နိုင်စေရအောင် သက်ဆိုင်ရာ ဝန်ကြီးဌာနများအားလုံးက ထိရောက်အောင်မြင်စွာ အမြန်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်က အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးအတွင်း နှစ်ဖက်ဆွေးနွေးမှုများအနက်မှ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်သည့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်သွယ်ရေး၊ဘဏ္ဍာရေးနှင့်ရင်းနှီးမြှုပ်နှံမှု၊ လူဝင်မှုကြီးကြပ်ရေး၊ နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ ယဉ်ကျေးမှုနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ဆက်ဆံရေး၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန် အလည်အပတ်လာရောက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများက အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်းနှစ်နိုင်ငံသဘောတူညီချက်များအရ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မိမိတို့ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတ၏ မြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် သဘောတူညီချက်များ အကောင်အထည်ဖော်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

စီးပွားရေးဆိုင်ရာအင်္ဂလိပ်စာနှင့် စာရင်းကိုင်သင်တန်းများဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

စီးပွားရေးလုပ်ငန်းများနှင့် ဆက်နွှယ်နေသော ဘွဲ့ကြို၊ ဘွဲ့ရများအတွက် စီးပွားရေးဆိုင်ရာ အင်္ဂလိပ်စာ ကျွမ်းကျင်မှုသင်တန်း အခြေခံအဆင့် (Communication Skills In English For Business Purposes-Basic Level) ကို ဆရာဦးကျော်ဝင်း B.A(Hons:), M.A (TEFL)II, Dip in EFL, Dip in ELTM က ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၆ရက်မှ ၂၀၀၄ ခုနှစ် မတ်လ ၂၈ ရက်အထိ အပတ်စဉ် (စနေ–တနင်္ဂနွေ) နေ့တို့တွင်သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် စီးပွားရေးနှင့် စာရင်းကိုင်ပညာ လေ့လာတတ်မြောက်လိုသူများအတွက် အခြေခံစာရင်းကိုင်ပညာနှင့် နိုင်ငံတကာအသိအမှတ်ပြုစာရင်းကိုင်ဒီပလိုမာ LCCI Level I,II,III တို့ကို ဆရာဦးဝင်းကို (B.Com (Q), CPA, ACCA(II) Accounting Gold Medalist)က ဒီဇင်ဘာ ၆ရက်(စနေနေ့)မှစ၍ သင်ကြားပေးမည်ဖြစ်ရာ စီးပွားပန်းခင်း အမှတ် (၂၆၁) ဒုထပ်(ယာ)၊ ၃၉လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်နှင့် တိုက်(၂)၊ အခန်း(၁၃–ဘီ) အပေါ်လွှာ၊ (၃)ရပ်ကွက်၊ လှည်းတန်းလမ်း ကမာရွတ်မြို့နယ်(ပြည်မြန်မာကုန်တိုက်ဘေး)၊ ရန်ကုန်၊ ဖုန်း–၇၀၀၁၉၄သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

ကင်မရာနှင့် ဒစ်ဂျစ်တယ်ကင်မရာ ရိုက်ကူးတည်းဖြတ်ထုတ်လုပ်မှုသင်တန်းဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

M-Plus Creative Media Groupမှ ကင်မရာနှင့် ဒစ်ဂျစ်တယ်ကင်မရာ ရိုက်ကူး တည်းဖြတ်ထုတ်လုပ်မှုသင်တန်း အပတ်စဉ်(၇)ကိုဒီဇင်ဘာ ပထမပတ်တွင် ထပ်မံဖွင့်လှစ်သွားမည် ဖြစ်သည်။ သင်တန်းတွင် သင်ကြားပေးမည့်ဘာသာရပ်များမှာ ကင်မရာနှင့်ဓာတ်ပုံရိုက်ကူးမှုအခြေခံသဘောတရား၊ ဒစ်ဂျစ်တယ်ကင်မရာ၏သဘောတရားနှင့် ရိုက်ကူးမှု၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၏ အခြေခံသဘောတရား၊ ကွန်ပျူတာဖြင့် တည်းဖြတ်ခြင်း နည်းပညာများ၊ပရင်တာအသုံးပြု၍ ပုံထုတ်ခြင်း နည်းပညာ၊ စကင်နာအသုံးပြုပုံဖတ်ခြင်း နည်းပညာ၊ဓာတ်ပုံမှ ရုပ်/သံ ဗီစီဒီထုတ်ခြင်း၊ ဓာတ်ပုံဆိုင် ဖွင့်လှစ်ရာတွင် လိုအပ်သော အခြေခံအချက်အလက်နှင့်သဘောတရားများ၊ ဈေးကွက်ရှာဖွေခြင်း သဘောတရားများကို သင်တန်းသား တစ်ဦးလျှင် ကွန်ပျူတာ တစ်လုံး၊ ဒစ်ဂျစ်တယ်ကင်မရာ တစ်လုံး၊ စက်ပစ္စည်း စုံလင်စွာဖြင့် သင်ကြားသွားမည် ဖြစ်သည်။

အခြား ဖွင့်လှစ်မည့် သင်တန်းများမှာ ဗီဒီယိုနှင့် ဒစ်ဂျယ်တယ်ဗီဒီယို ရိုက်ကူးခြင်းနှင့် ရုပ်/သံ တည်းဖြတ်မှု သင်တန်း အပတ်စဉ်(၂)၊ အသက်(၃၅)နှစ်အထက်သက်ကြီးကွန်ပျူတာ သင်တန်း အပတ်စဉ်(၂)၊ ရုပ်/သံ အထူးပြုလုပ်ချက် သင်တန်း အပတ်စဉ်(၁) တို့ကို ဆက်လက် ဖွင့်လှစ်သွားမည် ဖြစ်သည်။ သင်တန်း တက်ရောက်လိုသူများသည် M-Plus Creative Media Group အမှတ်(၁၉၄) ၃၃ လမ်း (အထက်) ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း–၇၀၄၉၄၇၊ ၀၉–၅၀–၀၇၄၂၃၊ ၀၉–၈၀–၃၄၅၁၄ သို့ ဆက်သွယ် စုံစမ်းစာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။

(က–ပ)

နိုဝင်ဘာ ၂၈ ရက်က မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး၌ တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

✳ *မြန်မာနိုင်ငံမှ*

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီ ပုံမှန်အစည်းအဝေး(၄/၂၀၀၃)သို့ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီဝင် များဖြစ်ကြသော အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ ရည်ရွယ်ချက်၊ တိုးချဲ့ဖွဲ့စည်းရေး၊ စည်းရုံးရေး၊ လေ့ကျင့်ပညာပေးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စစ်မှုထမ်းဟောင်းများ၏ သားသမီးထူးချွန်ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့ရေး၊ မိသားစုသက်သာချောင်ချိရေးလုပ်ငန်းများ၊ ဆက်လက် အကောင် အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းများတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးနှင့်အတူ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ကြီးက စည်းလုံးညီညွတ်သော ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားကြရေးနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီအတွင်းရေးမှူး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟို စည်းရုံးရေးကော်မတီ ၏ (၃/၂၀၀၃)ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များကို ဖတ်ကြားအတည်ပြုခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၏ လုပ်ငန်းတာဝန်ကြီး ငါးရပ်တို့မှ အဖွဲ့ခေါင်းဆောင်များနှင့် နယ်မြေစည်းရုံးရေးလုပ်ငန်းအဖွဲ့ ခေါင်းဆောင်များက မိမိတို့၏ လုပ်ငန်းအဖွဲ့များအလိုက် လုပ်ငန်းတာဝန်များ ဆောင်ရွက်ထားမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက
ကရင်ပြည်နယ်၊ ဘားအံမြို့နယ်
သာမညတောင်ပေါ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိနယ၏ ထေရုပ္ပတ္တိအကျဉ်း



ဘဒ္ဒန္တဝိနယ

ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် ကရင်ပြည်နယ် ဘားအံမြို့နယ် ကော့ကျိုက်ပအိုဝ်ရွာ ခမည်းတော် ဦးတောင်အို မယ်တော် ဒေါ်အုံးတို့မှ ၁၂၇၂ ခုနှစ် ပထမဝါဆိုလဆန်း၆ရက် (ဗုဒ္ဓဟူးနေ့)တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၈၅ ခုနှစ်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော် ဦးတောင်အို မယ်တော် ဒေါ်အုံးတို့၏ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ ၁၂၉၂ ခုနှစ် ကဆုန်လပြည့်ကျော် ၁၅ရက်(သောကြာနေ့) နံနက် ၇ နာရီအချိန်တွင် မော်လမြိုင်မြို့ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရကို ဥပဇ္ဈာယ်ပြုလျက် ခမည်းတော် ဦးတောင်အို၊ မယ်တော် ဒေါ်အုံးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်း ခဏ္ဍသိမ်၌ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ကော့ကျိုက်ပအိုဝ်ရွာကျောင်းဆရာတော်၊ မော်လမြိုင်မြို့ ရတနာဘုံမြင့်ကျောင်းဆရာတော်၊ ကြံခင်းကျောင်းဆရာတော် ဘဒ္ဒန္တ အာစာရ၊ မုတ္တမကျွဲခြံကျောင်း၊ ကဒိုးကွင်းကျောင်း၊ တိုက်ကုလားတောင်စွန်း သရက်ကုန်းကျောင်းဆရာတော် ဘဒ္ဒန္တ ဣန္ဒာစာရ စသော ဆရာတော်များထံ၌ ပရိယတ္တိကျမ်းစာများကို သင်ယူခဲ့ပါသည်။ ထို့ပြင် ပဋိပတ်ကျင့်စဉ်များကိုလည်း နည်းနာခံယူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကရင်ပြည်နယ် ဘားအံမြို့နယ် ဝါးဆူကျောင်း၊ သာမညတောင်ပေါ်ကျောင်းတို့တွင် တပည့် ရဟန်းသာမဏေများအား ပရိယတ္တိစာပေများကို သင်ကြားပို့ချပေးခဲ့ပါသည်။ ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညတောင်ပေါ်ကျောင်းတွင် သီတင်းသုံးနေထိုင်လျက်ရှိကြသော ရဟန်း၊ သာမဏေ၊ သီလရှင် ၅၀၀ ခန့်တို့အား ဝိပဿနာရှုမှတ်ကျင့်ကြံနည်းများကို ဟောကြားပြသပေးတော်မူခြင်း၊ အရညကင်ဓုတင်အကျင့်ကို အစဉ်ကျင့်သုံးတော်မူခြင်း၊ သာမညတောင်ပေါ်ကျောင်းသို့ နေ့စဉ်ရောက်ရှိလာသော ယောဂီသူတော်စင် ၁၀၀ မှ ၅၀၀ အထိ ဘုရားဖူးဧည့်ပရိသတ်များကို တရားဓမ္မဟောဖော်ညွှန်ပြတော်မူခြင်း စသော သာသနာပြုလုပ်ငန်းတာဝန်များကို ပျံလွန်တော်မူသည်အထိ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသည်။

ဘွဲ့တံဆိပ်တော်များအလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာ၊ ဇာဂရိယ စသောဂုဏ်များနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်းများကို လေးစားလျက် နိုင်ငံတော်အစိုးရက ၁၉၉၁ခုနှစ် နိုဝင်ဘာလ ၂၁ ရက်နေ့တွင် အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၉၃)နှစ်၊ သိက္ခာတော် (၇၃)ဝါအရ (၁၃၆၅ ခုနှစ် နတ်တော်လဆန်း ၆ ရက်) ၂၉-၁၁-၂၀၀၃ရက် (စနေနေ့) နံနက် ၉ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

သာမညဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် နိုဝင်ဘာ ၂၉

ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညတောင်ပေါ်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော သာမညတောင်ပေါ်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိနယ ဆရာတော်ကြီးသည် သာသနာအကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်း သက်တော်(၉၃)နှစ် သိက္ခာတော် (၇၃)ဝါအရ (၁၃၆၅ ခုနှစ် နတ်တော်လဆန်း ၆ရက်) နိုဝင်ဘာ ၂၉ ရက် (စနေနေ့) နံနက် ၉နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

စီးပွားကူးသန်း ရှေ့သို့လှမ်း

ပြည်ပအလုပ်အကိုင်စီစဉ်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၉

စင်ကာပူနှင့် ဆိုက်ပရပ်(စ်) (CYPRUS)နိုင်ငံများသို့ အလုပ်လုပ်ကိုင်လိုသူများအတွက် Htet Oo Manpower Services က အလုပ်သမားဝန်ကြီးဌာန အလုပ်သမားဦးစီးဌာန၏ခွင့်ပြုချက်ဖြင့် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ အသေးစိတ်အချက်အလက်များကို Htet Oo Manpower Services အမှတ် (၈၂၄/မြေညီ) မဟာဗန္ဓုလလမ်း ၁၀ လမ်းထောင့်၊ လမ်းမတော်မြို့နယ်သို့ ဖုန်း-၂၂၅၆၈၈ နှင့် E-mail-htetoo @ cybertech. net.mmသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။**(က-ပ)**

မဟာဇေယျအတုလမာရဇိန်ကြေးသွန်းဘုရား အသံမစဲပဋ္ဌာန်းပူဇော်ပွဲနှင့်ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီး၏ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲနှင့် (၈၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၂ ရက် မှ ၈ ရက်အထိ စည်ကားစွာကျင်းပမည်ဖြစ်သည်။

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၆ ရက်အထိကျင်းပပြီး ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီတွင် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲကျင်းပပြီး ညနေ ၄ နာရီတွင် ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်မည်ဖြစ်သည်။

ဒီဇင်ဘာ ၈ ရက် နံနက် ၄ နာရီတွင် ဘုရားအနေကဇာတင်ပူဇော်ပြီး ညနေ ၃ နာရီတွင် ဘုရားအမူးပြု၍ သံဃာတော် ၁၂၉ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၅၄၁၆၈၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

● မြန်မာအသင်းမှ

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် စင်ကာပူလက်ရွေးစင်အသင်းတို့မြန်မာစံတော်ချိန် ညနေ ၅နာရီတွင် ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အနိုင်ရရှိခဲ့သော စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သည်။ (၂၁)ကြိမ်မြောက်ပြိုင်ပွဲတွင် မြန်မာအသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်သာအနိုင်ရရှိခဲ့သော်လည်း ယနေ့ပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့်ပြတ်ပြတ်သားသားအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်ဖွင့်ကစား

မြန်မာအသင်းသည် ပွဲစသည်နှင့် တိုက်စစ်ဖွင့်ကစားကာ စင်ကာပူအသင်းဂိုးဧရိယာအတွင်းထိုးဖောက်မှုများပြုလုပ်နိုင်ခဲ့သည်။ စင်ကာပူအသင်းကလည်း တန်ပြန်တိုက်စစ်မှ တစ်ဆင့်ထိုးဖောက်ကစားပြီး သေချာပေါက်ဂိုးသွင်းခွင့်များရရှိခဲ့ရာ ဂိုးသမားအောင်အောင်ဦးအစွမ်းပြကာကွယ်နိုင်ခဲ့သည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးအပြန်အလှန်ထိုးဖောက်ကစားနိုင်ခဲ့ကြသလို ဂိုးသွင်းခွင့်များလည်း ရရှိခဲ့သည်။ မြန်မာအသင်းမှ တိုက်စစ်မှူး ရန်ပိုင်ခြေစွမ်းပြကစားပြီး စင်ကာပူနောက်တန်းကို အကြိမ်ကြိမ်ဖောက်ထွက်နိုင်ခဲ့သည်။

ပွဲစပြီးမိနစ် ၂၀နောက်ပိုင်းတွင် မြန်မာအသင်းကစားကွက်စီးလာပြီး အဆက်မပြတ်ထိုးဖောက်နိုင်ခဲ့သည်။ စင်ကာပူအသင်းကလည်း တန်ပြန်တိုက်စစ်ဖြင့် ထိုးဖောက်ကစားနေ၍ မြန်မာနောက်တန်းလူများ အလူးအလဲဖျက်ထုတ်ခဲ့ရသည်။ ၂၅ မိနစ်တွင် စင်ကာပူအသင်းက ထိုးဖောက်ကစားလာရင်းကန်သွင်းရာ ဂိုးတိုင်ထိပြီး ထွက်သွား၍ မြန်မာအသင်းအတွက် တစ်ဂိုးသက်သာခဲ့ရသည်။

အဖွင့်ဂိုးရ

မြန်မာအသင်းက ဘယ်ညာတောင်ပံများမှ အဆက်မပြတ်ထိုးဖောက်ကစားလာရင်း ၃၃ မိနစ်တွင် အဖွင့်ဂိုးသွင်းယူနိုင်ခဲ့သည်။ နောက်တန်း ညာအစွန်ကစားသမား စိုးလင်းထွန်း ဘောလုံးဆွဲလာပြီး စင်ကာပူဂိုးရှေ့သို့ ကန့်လန့်ဖြတ်ချိုးပေးရာ ဂိုးဧရိယာအစပ်တွင်ရှိနေသော စိုးမြတ်မင်းက ရင်ဘတ်နှင့်ထိန်းပြီး မနားတမ်း ကန်သွင်း၍ စင်ကာပူနောက်တန်းနှင့် ဂိုးသမားတို့ အငိုက်မိပြီး ဂိုးဝင်သွားခြင်းဖြစ်သည်။

အောင်အောင်ဦးအစွမ်းပြ

ပထမပိုင်းပြီးကာနီးတွင် စင်ကာပူအသင်းက တန်ပြန်တိုက်စစ်ဆင်ကစားလာပြီး မြန်မာအသင်း ပယ်နယ်တီဧရိယာအစပ်မှ ကန်သွင်းရာ ကန်ချက်ကောင်းသော်လည်း အောင်အောင်ဦး အစွမ်းပြကာကွယ်နိုင်ခဲ့သည်။ ဖော်ထိုက် ထိုးဖောက်မှုများ မထိရောက်ဘဲဖြစ်နေပြီး ဘယ်အစွန်မှ ကစားသည့် အောင်ကျော်ထွန်းကလည်း တိုက်စစ်ကို မပံ့ပိုးနိုင်ဘဲ ဖြစ်နေသည်။ ပထမပိုင်းတွင် စင်ကာပူအသင်းက ဂိုးရနိုင်ခွင့်များရှိခဲ့သော်လည်း မြန်မာဂိုးသမားအောင်အောင်ဦး အစွမ်းပြနိုင်ခြင်းနှင့် ဂိုးကံခေခြင်းတို့ကြောင့် ဂိုးမရခဲ့ပေ။ ဂိုးသွင်းမသေချာသဖြင့် မြန်မာအသင်းအဖို့ သက်သာခွင့် ရရှိခဲ့ခြင်းလည်းဖြစ်သည်။

ဒုတိယပိုင်း

စင်ကာပူအသင်းက အရှုံးဂိုးချေပနိုင်ရေးအတွက် ပွဲစသည်နှင့်တင်ကစားလာရာ မြန်မအသင်း ကစားကွက်တည်မရဘဲ တစ်ချီတစ်ချီမှသာ ပြန်လည် ထိုးဖောက်ကစားနိုင်သည်။ ပွဲချိန်မိနစ်၆၀တွင် အလယ်တန်း ဘယ်အစွန်ကစားသူ အောင်ကျော်ထွန်းအစား ဇော်ဇော်ကို လူစားသွင်းလိုက်ရာ ကစားအားပိုတက်လာခဲ့သည်။ မြန်မာအသင်းက ခံစစ်အသွင်ကစားနေသော်လည်း အလယ်တန်းမှ ဘောလုံးရလျှင် ရှေ့သို့မနားတမ်းကန်ပို့နိုင်မှုကြောင့် စင်ကာပူနောက်တန်းလူများ နောက်ကြောင်းမအေးဘဲဖြစ်နေရသည်။

ဒုတိယဂိုးရရှိ

မြန်မာအသင်းက စင်ကာပူတိုက်စစ်ကို ဖျက်ထုတ်ကစားနေရင်းမှ တန်ပြန်တိုက်စစ်ဆင်ကစားရာ ဘယ်ထောင့်ကန်ဘောရရှိသည်။ အဆိုပါဘယ်ထောင့်ကန်ဘောကို အောင်ကျော်မိုးက ညာခြေဖြင့် ဂိုးရှေ့သို့ အနေတော် ကန်ပို့ပေးရာ နောက်တန်းလူ ဌေးအောင်က မြေထောက်ခေါင်းတိုက်သွင်းယူသဖြင့်ဒုတိယဂိုးရရှိသွားသည်။

ပွဲချိန် ၆၈ မိနစ်တွင် ထိခိုက်ဒဏ်ရာရရှိသွားသည့် ညာနောက်ခံလူ စိုးလင်းထွန်းအစား ခင်မောင်ထွန်းကို လူစားလဲကစားသည်။ ခင်မောင်ထွန်းဝင်လာပြီး မကြာခင် စင်ကာပူအသင်းမှ တိုက်စစ်မှူးကို တစ်ဦးချင်း မထိန်းနိုင်ဘဲ ပေါက်ထွက်သွားရာမှတစ်ဆင့် သေချာပေါက်ဂိုးသွင်းခွင့်ရရှိသွားသည်။ စင်ကာပူတိုက်စစ်မှူးက ဂိုးသမား အောင်အောင်ဦးနှင့် တစ်ဦးချင်းတွေ့သည့်အနေအထားမှ ကန်သွင်းရာ ဆန္ဒစောနေ၍ ဂိုးဘားတန်းအပေါ်မှ ကျော်ထွက်သွားသည်။

ဂိုးသွင်းမသေချာ

မြန်မာအသင်းသည် နှစ်ဂိုးအသာရရှိထားသဖြင့် ဂိုးရရှိရေးထက် ဂိုးမပေးရရေးကို အာရုံစိုက်ကစားလာရာ စင်ကာပူအသင်းက ချေပဂိုးသွင်းယူနိုင်မည့်အခွင့်အရေးများ ရရှိခဲ့သည်။ စင်ကာပူအသင်း အလယ်တန်းနှင့် ရှေ့တန်းလူများ အချိတ်အဆက်မိကာ မြန်မာဂိုးဧရိယာအတွင်းအထိဘောလုံးဆွဲယူလာနိုင်သော်လည်း အဆုံးသတ်မပိုင်နိုင်မှုကြောင့် ဂိုးမရခဲ့ခြင်းဖြစ်သည်။

လေလွင့်ချိန်

ပွဲပြီးရန် နီးကပ်လာချိန်တွင် စင်ကာပူအသင်းက တစ်သင်းလုံးရှေ့တက်ကာ ချေပဂိုးရရှိရေး ကြိုးစားလာသည်။ မြန်မာအသင်းကလည်း တစ်သင်းလုံး မြန်မာအသင်းကွင်းဘက်၌သာ စုပြုံပိတ်ဆို့ကစားနေသည်။ ပုံမှန်ပွဲကစားချိန်မိနစ်၉၀ပြည့်သွားသော်လည်း လေလွင့်ချိန်များအတွက် အချိန်ပိုလေးမိနစ်ပေးရာ မြန်မာအသင်းချေပဂိုးပေးရလု ပေးရခင်ဖြစ်ခဲ့သေးသည်။ အချိန်ပိုနှစ်မိနစ်တွင် စင်ကာပူအသင်းက မြန်မာဂိုးဧရိယာအတွင်း ထိုးဖောက်ကစားလာရင်း ဂိုးနှင့်အနီးကပ်ကန်သွင်းရာ အောင်အောင်ဦးနေရာယူမှန်သဖြင့် ရင်ဘတ်အတွင်း တန်းတန်းမတ်မတ်ရောက်သွား၍ စင်ကာပူတို့ တစ်ဂိုး လက်မှိုင်ချခဲ့ရသည်။

စင်ကာပူအသင်း

စင်ကာပူအသင်းသည် (၂၁)ကြိမ်မြောက် ပြိုင်ပွဲတွင် မြန်မာအသင်းအပေါ်တင်ထားသောရှုံးကြွေးကို ဆပ်နိုင်ရေးအတွက် ကြိုးစားကစားသော်လည်း အခွင့်အရေးကို ပိုင်နိုင်စွာအသုံးမချနိုင်မှုနှင့် ဂိုးသမားအောင်အောင်ဦး၏ အစွမ်းပြကာကွယ်နိုင်မှုကြောင့် ချေပဂိုးတစ်ဂိုးပင် မသွင်းနိုင်ခဲ့ပေ။ စင်ကာပူ အလယ်တန်းက အချိတ်အဆက်မိပြီး ရှေ့တန်းလူများကို အခွင့်အရေးကောင်းများ ဖန်တီးနိုင်သော်လည်း တိုက်စစ်မှူးများ ဂိုးသွင်းမပိုင်နိုင်မှုကြောင့် ခြေစွမ်းမည့်သော်လည်း အရှုံးနှင့် ရင်ဆိုင်လိုက်ရသည်။

မြန်မာအသင်း

မြန်မာအသင်းတွင် စိုးမြတ်မင်းနှင့် ရန်ပိုင်တို့ အကောင်းဆုံး ကစားသွားပြီး နောက်တန်းလူ ဌေးအောင်ကလည်း ယခင်က ခေါင်းတိုက်ဂိုးသွင်းယူနိုင်ခဲ့သည့်အစဉ်အလာအတိုင်း အခွင့်အရေးပေါ်လာသည်နှင့် အမိအရအသုံးချနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲဦးထွက်ဖြစ်၍ အလယ်တန်းကစားကွက် မပီပြင်လှသေးဘဲ အားနည်းချက်အချို့ရှိနေသေးသည်။ ယခုပွဲအနိုင်ရထားပြီးဖြစ်ရာ စိတ်ဓာတ်မြင့်မားမှုနှင့် နောက်ပွဲများတွင် အားနည်းချက်များကို ပြင်ဆင်နိုင်ပါက ပိုမိုခြေစွမ်းပြကစားနိုင်မည်ဖြစ်သည်။

အလားအလာကောင်း

အုပ်စု(ခ)တွင် တစ်ပွဲစီကစားပြီးချိန်၌ မလေးရှားအသင်းက တစ်ပွဲနိုင်(၃)မှတ်၊ မြန်မာအသင်းက တစ်ပွဲနိုင်(၃)မှတ်ရရှိထားသည်။ (၃)မှတ်စီတူညီနေသော်လည်း ဂိုးကွာခြားချက်အရ မလေးရှားကအသင်းက အုပ်စုပထမ၊ မြန်မာအသင်းက အုပ်စုဒုတိယရနေသည်။ စင်ကာပူအသင်းနှင့် ကမ္ဘောဒီးယားအသင်းတို့ အမှတ်မရသေးပေ။

လက်ရှိအနေအထားပေါ်မူတည်၍ သုံးသပ်ရလျှင် မြန်မာအသင်းက ဒုတိယပွဲစဉ်၌ ကမ္ဘောဒီးယားနှင့် ကစားရမည်ဖြစ်ရာ အနိုင်ရရန်သေချာသလောက်ရှိပြီး (၆)မှတ်ရရှိမည်ဖြစ်သည်။ စင်ကာပူအသင်းက ဒုတိယပွဲစဉ်၌ မလေးရှားအသင်းနှင့် ကစားရမည်ဖြစ်ရာ ပွဲကျပ်နေသည်။ ပွဲကျန်နှစ်ပွဲစီကစားရမည်ဖြစ်သော်လည်း ပွဲစဉ်အနေအထားအရ မြန်မာအသင်းက အကြိုဗိုလ်လုပွဲတက်ရန် အလားအလာ အကောင်းဆုံးဖြစ်နေသည်။

အုပ်စု(က)ပွဲစဉ်

နိုဝင်ဘာ ၃၀ ရက်(ယနေ့)တွင် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့၌ အုပ်စု(က)ပွဲစဉ်များကို စတင်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် မွန်းလွဲ ၂နာရီခွဲတွင် အင်ဒိုနီးရှားနှင့် လာအို၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် ညနေ ၅နာရီတွင် ထိုင်းနှင့် ဗီယက်နမ်တို့ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)ပွဲစဉ်

အုပ်စု(ခ)ပွဲစဉ်များကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ရာ ပထမပွဲစဉ်အဖြစ် စင်ကာပူနှင့် မလေးရှား၊ ဒုတိယပွဲစဉ်အဖြစ် မြန်မာနှင့် ကမ္ဘောဒီးယားတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

ကံမမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် နိုဝင်ဘာ ၂၉

ကံမမြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၀၃ ခုနှစ် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညောပကာရဓမ္မာရုံ၌ ဒီဇင်ဘာ ၇ ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။

သို့ဖြစ်၍ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများနှင့် နိုဝင်ဘာ ၃၀ ရက်တွင် အသက်(၇၀)နှင့်အထက် အသင်းဝင်များသည် အမှုဆောင်အဖွဲ့ထံသို့ ဒီဇင်ဘာ ၅ ရက် နောက်ဆုံးထားပြီး သတင်းပေးပို့ကြရန်နှင့် ကံမမြို့နယ် နယ်သူနယ်သားအားလုံးတက်ရောက်ကြရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁၁-၂၀၀၃
(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၀၅	၆။ အတီးပြိုင်ပွဲ
၈:၁၅	၇။ လမူးတံတား
၈:၃၀	၈။ International News
၈:၄၅	၉။ Say it in English
၉:၀၀	၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တေး
၁၁:၁၀	၂။ တေးဂီတအစီအစဉ်
၁၁:၂၅	၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀	၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်သံသရာ"**(အပိုင်း-၂၀)
၁၂:၁၀	၅။ Milo Success in Soccer
၁၂:၂၀	၆။ **"အိပ်မက်တစ်ခုတော့မဟုတ်ဘူး"** (လွင်မိုး၊အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ဟိန်းစိုး)
၁၃:၄၀	၇။ ဖောင်ကတောရေလှောင်တမံ
၁၃:၄၅	၈။ လောကနီတိ(၅) **"မေတ္တာအတိမ်အနက်ကိုချိန်စက်၍ကြည့်သောအခါ"** (ပိုင်ဇေရဲထွန်း၊ စည်သူတင်စိုး၊ လင်းဇာနည်ဇော်၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ခင်ဇော်)
၁၄:၄၅	၉။ International News

ညပိုင်း

၁၆:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၁၆:၁၅	၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။ English for Everyday Use
၁၆:၄၅	၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၀၀	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သင်္ချာ၊ဓာတုဗေဒ၊ရူပဗေဒ အထူးပြုများ) [သင်္ချာ]
၁၇:၁၅	၆။ **"တစ်ဘဝစာ"** (သတ္တိ၊မေသဥ္ဇာဦး၊ချောချစ်) (ဒါရိုက်တာ-ရိုးရိုး)
၁၇:၃၀	၇။ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို ပြင်ဆင်လေ့ကျင့်မှု(ဘောလုံး) (အမျိုးသမီး)
၁၇:၄၀	၈။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၃၀	၉။ ညနေခင်းသတင်း
၁၉:၀၀	၁၀။ မိုးလေဝသအခြေအနေ
၁၉:၀၅	၁၁။ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား
၁၉:၁၅	၁၂။ တေးဂီတအစီအစဉ်
၁၉:၃၀	၁၃။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉:၄၅	၁၄။ ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ဆွေးနွေးခန်း
၂၀:၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ လပတ်မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်
	၁၉။ Calcio Serie A ဘောလုံးပွဲ ထုတ်လွှင့်မှုအစီအစဉ်

မဟာစည်သြဝါဒခံ စိန်စည်သာသနာ့ရိပ်သာ တရားစခန်းပွဲ

ရန်ကုန် နိုဝင်ဘာ ၂၉

ဒဂုံမြို့သစ် (မြောက်ပိုင်း) ၄၈ ရပ်ကွက် ဗိုလ်မင်းရောင်လမ်း မဟာစည်သြဝါဒခံစိန်စည်သာသနာ့ရိပ်သာ၌ လစဉ်ကျင်းပမြဲဖြစ်သော မဟာသတိပဋ္ဌာန်ဝိပဿနာ တရားစခန်းပွဲများကို ဒီဇင်ဘာ ၃ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ တရား အားထုတ်လိုသူများ ဒီဇင်ဘာ ၂ရက်မွန်းလွဲ ၂နာရီအချိန် ကြွရောက်ကြရန်နှင့် ညစဉ်ညတိုင်း ၇နာရီအချိန်တွင် မဟာစည်နယ်လှည့်ဓမ္မကထိကများက နိဗ္ဗာန်ရောက်ကြောင်း တရားများ ဟောကြားမည်ဖြစ်သည်။ နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အချိုပွဲ ဆက်ကပ်လှူဒါန်းလိုပါက ရိပ်သာ ဖုန်း-၅၈၀၁၆၇သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။(က-ပ)

သားငါးဖွံ့ဖြိုး ပြည်အကျိုး

မစိုးရိမ်တိုက်သစ် သာသနာ နိုင်ငံတော်အစိုးရစေတနာ

(က)

မစိုးရိမ်တိုက်သစ် သာသနာဟူသည် သံဃာသုံးထောင်ခန့် သီတင်းသုံးလျက် မြတ်ဗုဒ္ဓ၏ ပရိယတ္တိသာသနာတော်အကျိုး ဖွံ့ဖြိုးတိုးတက်စေဖို့ ဇောက်ချ သာသနာပြုတော်မူလျက်ရှိကြသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မှ မဟာနာယက၊ နာယကများ၊ စာချများ၊ စာသင်သား ရဟန်းသာမဏေများ၏ သာသနာပြု ဖွဲ့လုံ့လကို ဆိုပါ၏။

ယနေ့အချိန်အခါဝယ် သံဃာသုံးထောင်ခန့်ဖြင့် အဟန့်အဟိတ်ကြီးမားစွာ ဝင့်ကြွားမြင့်မိုးလာသော ယင်းမစိုးရိမ်တိုက်သစ်သည် ဤအရှင်တို့ ငယ်စဉ်သာမဏေဘဝ လွန်ခဲ့သော နှစ် ၄၀ ဝန်းကျင်ခန့်ကဆိုလျှင် သံဃာ ၄၀ခန့်မျှဖြင့် အနံ့အသက် မကောင်းလှသော အင်းကြီးကို မေးတင်ကာ ခပ်ဝပ်ဝပ်ပြားပြား တည်ရှိခဲ့သော ကျောင်းတိုက်တစ်တိုက်သာ ဖြစ်ခဲ့၏။ ဤအရှင်တို့သည် ယင်းမစိုးရိမ်တိုက်သစ်၌ မနေခဲ့ဖူးသော်လည်း မစိုးရိမ်တိုက်ဟောင်း၌မူ ခေတ္တမျှ ခိုအောင်းခဲ့ဖူးသဖြင့် မိမိကိုယ်မိမိ မစိုးရိမ်အနွယ်တော်ဝင်ဟု သတ်မှတ်လျှင် ရမည်ထင်ပါ၏။ ထို့ပြင် မစိုးရိမ်တိုက်ဟောင်း၏ မူလ ပဓာနနာယကဆရာတော် ဘုရားကြီး ဘဒ္ဒန္တ သူရိယာဘိဝံသ၏ တပည့်တစ်ပါးဖြစ်သော ဘဒ္ဒန္တ ကေသရသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ မဟာဗောဓာရုံ စာသင်တိုက် ဖွင့်လှစ်ကာ ပါဠိတက္ကသိုလ်ဖြစ်ရေး ကြိုးပမ်းခဲ့သည်တွင် ဤအရှင်တို့၏ နောင်တော်အရင်း ဘဒ္ဒန္တ ဝဏ္ဏိတသည် ပဓာနအခန်းမှ ပါဝင်ခဲ့ခြင်းနှင့်ဤအရှင်တို့သည်လည်း ထိုမစိုးရိမ်တိုက်ခွဲဟု ဆိုရမည့် လားရှိုးမြို့ မဟာဗောဓာရုံ ပါဠိတက္ကသိုလ်၌ စာပေပရိယတ် သင်ယူခဲ့ဖူးခြင်းတို့ကို ရည်ညွှန်းနိုင်ပါသေး၏။

ထို့ကြောင့်ပင် ဖြစ်မည်ထင်ပါ၏။ နှစ်ပေါင်း ၃၀ကျော် ကိုယ်အားဖြင့် မစိုးရိမ်နှင့် ကင်းကွာခဲ့ရသော်လည်း စိတ်အားဖြင့် မမေ့မလျော့ မကင်းမကွာရှိခဲ့ရာမှ လွန်ခဲ့သော ၂၀၀၀ပြည့်နှစ် အောက်တိုဘာ ၅ရက်တုန်းက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ ကိုယ်တိုင် ပရိဝါရ ကထိနစီဝရဒါယကာခံယူလျက် မန္တလေးမစိုးရိမ်တိုက်သစ်၌ ကျင်းပအပ်သော ပထမအကြိမ် မဟာကထိန်အလှူတော်မင်္ဂလာအကြောင်း ရုပ်သံနှင့်သတင်းစာများတွင် မြင်ကြားဖတ်ရှုခဲ့ရသောအခါ ပီတိများစွာ မုဒိတာ မှတ်တမ်းအဖြစ် ဂုဏ်ပြုဆောင်းပါး တစ်စောင် ချက်ချင်းရေးသား၍ **'ဗြဟ္မစိုရ်လွှမ်း အေးချမ်းသာယာ ပြည်မြန်မာ(၃)'** ခေါင်းစဉ်ဖြင့် သတင်းစာများဝယ် ဖော်ပြခဲ့ဖူးပါသည်။

ထိုနှစ်၊ ထိုအကြိမ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစိုးရ၏ မဟာကထိန်အလှူတော်မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) မောင်အေး တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး (ယခု) နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့ရာတွင် **"မန္တလေးမြို့ မစိုးရိမ်တိုက်သစ်ကျောင်းတိုက်ကြီးမှာ ယခုနှစ် ဝါဆိုသံဃာ ၂၆၂၃ပါးရှိသည်ကို သိရှိရပါကြောင်း၊ ပုဂံခေတ်မှစ၍ မြန်မာနိုင်ငံ သာသနာ့သမိုင်းတွင် ဤမျှ သံဃာအရေအတွက် များပြားသော စာသင်တိုက်များ မရှိသေးကြောင်း လေ့လာသိရှိရပါကြောင်း၊ သံဃာအရေအတွက် အများဆုံးဖြစ်ရုံမက စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းလည်း အကောင်းဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း"** စသည်ဖြင့် ဝမ်းသာအားရ ထည့်သွင်းလျှောက်ထားခဲ့ပုံကို ထိုဆောင်းပါး၌ မှတ်တမ်းတင်ခဲ့သည့်အပြင် ဖော်ပြလတ္တံ့အတိုင်းလည်း ဂုဏ်ပြုရေးသားခဲ့ပါ၏။

"ယင်းသို့ သံဃာအများဆုံးနှင့်စာမေးပွဲ အောင်ချက်အကောင်းဆုံးဟူသော ဒြပ်နှင့်ဂုဏ် ဥသျှံပြည့်ဝ လှပလန်းပွင့် ဆန်းတင့်တောက်ပလာစေရန် ဦးစီးပဓာန နာယကချုပ် ဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ၊ နာယကဆရာတော်ဘုရားကြီး အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသနှင့်တကွ နာယက၊ စာချ၊ ကျောင်းဘုန်းကြီး စသည့်ဦးဆောင်ဆရာတော်များသည် နှစ်ပေါင်းများစွာ ကြိုးပမ်းတော်မူခဲ့ကြရကြောင်း၊ ဥုံဖွ…ဖြင့် ဖြစ်မလာနိုင်ကြောင်း ကောင်းစွာသိအပ်ကြပေ၏"

(ခ)

ယခု ၂၀၀၃ခုနှစ် နိုဝင်ဘာ ၅ရက် နံနက် ၁၀နာရီတွင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် နာယက၊ စာချ၊ စာသင်၊ ရဟန်း၊ သာမဏေ ၂၇၇၈ပါးတို့အား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် စတုတ္ထအကြိမ် မဟာကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို မစိုးရိမ်တိုက်သစ် ဓမ္မမဟိဒ္ဓိ လေးထပ်ကျောင်းဆောင်၌ ကျင်းပရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်တက်ရောက်ကြည်ညို၍ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ရာဇဓမ္မာဘိဝံသအား ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကာ သာသနာရေးဆိုင်ရာများ လျှောက်ထားရာဝယ် ဤသို့ထည့်သွင်းလျှောက်ထားလေ၏။

"သဗ္ဗညုဘုရားရှင်ထားတော်မူခဲ့သော ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိကြသော သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများအား ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးပစ္စည်းလေးပါးနှင့် စပ်လျဉ်း၍ မပင်မပန်း ချမ်းချမ်းသာသာ လွယ်လွယ်ကူကူ သက်သက်သာသာ ပြည့်ပြည့်စုံစုံရှိကြစေရန် တပ်မတော်အစိုးရသည် ကိုယ်တိုင်လှူဒါန်းခြင်း၊ ဗုဒ္ဓဘာသာဝင်ပြည်သူအများ ပါဝင်လှူဒါန်းကြစေရန် ဦးဆောင်မှုပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းတို့ကြောင့် ပစ္စည်းလေးပါးအတွက် ကြောင့်ကြမှုမပြုကြရတော့ဘဲ ဂန္ထဓုရ၊ ဝိပဿနာဓုရ သာသနာ့တာဝန်များကို ချမ်းချမ်းသာသာ ဆောင်ရွက်တော်မူနေကြကြောင်း ဖူးတွေ့နေရပြီဖြစ်ပါကြောင်း"

ယင်းလျှောက်ထားချက်၌ ပြက်ပြက်ထင်ထင်တွေ့မြင်ရသော အချက်မှာ နိုင်ငံတော်အစိုးရ၏ စေတနာဖြစ်၏။ နိုင်ငံတော်အစိုးရသည် သာသနာအပေါ်၌လည်းကောင်း၊ နိုင်ငံအပေါ်၌လည်းကောင်း ကောင်းမြတ်လှစွာသော စေတနာတရားကို စွဲစွဲမြဲမြဲ ခိုင်ခိုင်မာမာ ဖြန့်ထားလျက်ရှိကြောင်း တွေ့မြင်ရ၏။ တစ်နည်းပြောရလျှင် ယနေ့တပ်မတော်အစိုးရသည် ကမ္မအမြင် ကြည်လင်ဝင်းလက်ကြောင်း တွေ့မြင်ရ၏။

ကမ္မအမြင်ဟူသည် အကျဉ်းအားဖြင့် **"စေတနာကောင်းလျှင် ကံကောင်းသည်၊ ကံကောင်းလျှင် ကောင်းကျိုးထင်သည်"** ဟူသော ကုသလကမ္မအမြင်ပိုင်းနှင့် **"စေတနာဆိုးလျှင် ကံဆိုးသည်၊ ကံဆိုးလျှင် ဆိုးကျိုးထင်သည်"** ဟူသော အကုသလကမ္မအမြင်ပိုင်းတို့ကို ပိုင်းပိုင်းခြားခြား သုံးသပ်နိုင်လျက် ကုသလကမ္မတို့ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားကာ ဖြန့်ဝေနိုင်ခြင်းဖြစ်သည်။ ကုသလကမ္မတို့ကို စွဲစွဲမြဲမြဲဆုပ်ကိုင်ထားနိုင်သည့်ပြင် ဖြန့်ဝေပေးနိုင်သော အစိုးရတစ်ရပ်ဖြစ်နေခြင်းကြောင့်-

(၁) သာဟတ္ထိက (အစိုးရကိုယ်တိုင်ကောင်းမှုပြုခြင်း)၊

(၂) အာဏတ္တိက (ပြည်သူတို့ကို ဦးဆောင်မှုပေးလျက် နှိုးဆော်တိုက်တွန်းခြင်း)၊

(၃) ဝဏ္ဏဘာသန (ကောင်းမှုနှင့် ကောင်းမှုပြုသူကို နှစ်သက်မြတ်နိုး၍ ချီးမွမ်း၊ ချီးမြှောက်ခြင်း)၊

(၄) သမနုညာ (ကောင်းမှု၌ အစိုးရနှင့် ပြည်သူတစ်စိတ်တည်း၊ တစ်ဝမ်းတည်းဖြစ်ခြင်း)

ဟူသော ကမ္မနိယာမစဉ် လေးရပ်ကို တဖျတ်ဖျတ်တောက်ပအောင် ထာဝရ ကြိုးပမ်းနိုင်ခြင်းဖြစ်ကြောင်း သုံးသပ်ရပါသည်။

ရတနာစည်ဆရာတော် (လှိုင်လင်)

ဤတွင် (၁)နှင့်(၂)မှာ ရှင်းလွန်းနေပြီဖြစ်၍ (၃)နှင့် (၄)ကိုသာ ဤအရှင်တို့ မြင်သလို သာသနာသို့လျှောက်ထား၍ ပြည်သူသို့ ပြောကြားပါဦးမည်။

(၃) ကောင်းမှုနှင့် ကောင်းမှုပြုသူကို မြတ်နိုး၍ ချီးမွမ်းချီးမြှောက်ခြင်း၌ ယနေ့တပ်မတော်အစိုးရသည် အမြင့်ဆုံးပင်ဖြစ်၏။ ကြည့်ပါ၊ သာသနာတော်အတွက် အသပြာငွေပေါင်း ဘယ်နှသိန်းလှူဒါန်းကာ ရဟန်းပေါင်းဘယ်နှပါး၏ ရဟန်းဒါယကာကြီးဖြစ်နေပါသည်ဟူသော ရွှေပုရပိုက် ရွှေအက္ခရာရှင် အကြင်ဥပါသကာကြီးသည် အဘယ်မျှ ချောင်ကျခေါင်သီသော ဒေသ၌ ရှိနေပါစေ ထိုဥပါသကာကြီးအား ကုသိုလ်မှတ်တမ်းအလျောက် နိုင်ငံတော်အစိုးရက အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရဘွဲ့၊ သီရိသုဓမ္မ မဏိဇောတဓရဘွဲ့၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့၊ သုဓမ္မမဏိဇောတဓရဘွဲ့စသည်ကို အပ်နှင်းချီးမြှောက်၏။ ထို့အတူ ဘုရားအမ၊ ကျောင်းအမ၊ ရဟန်းအမ၊ သာသနာ့အမကြီးအားလည်း သူပြုပွားထားသည့် ကုသိုလ်မှတ်တမ်းအလျောက် အဂ္ဂမဟာသီရိသုဓမ္မသီဂိဘွဲ့၊ သီရိသုဓမ္မသီဂိဘွဲ့၊ သီဟသုဓမ္မသီဂိဘွဲ့၊ သုဓမ္မသီဂိဘွဲ့စသည်ကို အပ်နှင်းချီးမြှောက်၏။ နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့သို့မဟုတ် ယင်းဝန်းကျင်တစ်နေ့နေ့ (ကုန်လွန်ခဲ့သော ၁၃၆၄ ခုနှစ် တပေါင်းလဆန်း ၁၂ ရက်နေ့)တွင် ရန်ကုန်မြို့ မဟာပါသာဏ လိုဏ်ဂူတော်ကြီးအတွင်း၌ ခမ်းခမ်းနားနား ခံ့ခံ့ညားညား ကြွားကြွားဝံ့ဝံ့ မြင့်မြင့်မားမား စွင့်စွင့်ကားကား ချီးမြှောက်ပေးခြင်းဖြစ်၏။ သာသနာရေးဆိုင်ရာ ပွဲတော်များအနက် အကြီးကျယ်ဆုံးဖြစ်၏။ ယင်းသည် ယနေ့တပ်မတော်အစိုးရ၏ ဝဏ္ဏဘာသနဖြစ်ပါကြောင်း လူသိရှင်ကြား ပြောကြားလျှောက်ထားပါသည်။

ယင်းသို့ သိန်းပေါင်းထောင်ချီ၊ ရာချီလှူနိုင်တန်းနိုင်၍ သာသနာ့ပင်စည်ရေလောင်းနိုင်အောင် ပြည်သူများ စီးပွားခနဲဖွံ့ဖြိုးတိုးတက်လာစေရန် ယနေ့တပ်မတော် အစိုးရက ဆိုရှယ်လစ်စီးပွားရေးစနစ်မှသည် ဈေးကွက်စီးပွားရေးစနစ်သို့ညင်သာစွာပြောင်းလဲဖွင့်လှစ်ပေးခဲ့သည်ဟူသော မူလပဓာနအကြောင်းရင်းကြီးတစ်ရပ်ကိုလည်း နိုင်ငံသိ ကမ္ဘာကြား ရေးသားပါသည်။

(၄) သမနုညာ=ကောင်းမှုပြုသူ ပြည်သူများနှင့် စိတ်တူသဘောတူရှိခြင်း၌ မည်သူသည် မည်သည့်ကောင်းမှုကို ဆည်းပူးဆည်းပူး နိုင်ငံတော်က၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများက တားမြစ်သည်၊ ပိတ်ပင်သည်၊ ချုပ်ချယ်သည်ဟူ၍ တစ်ခွန်းတလေ တစ်စွန်းတစ်စယုံကြည်လောက်သော စကားရှိသူတို့ထံမှ လုံးဝမကြားဖူး၊ မကြုံဖူးခဲ့။ ကြားဖူး ကြုံဖူးသည့်အပြင် ကြားနေ၊ ကြုံနေရသည်များကတော့ သက်ဆိုင်ရာတို့က ထိုကုသိုလ်ရှင်၏ ကုသိုလ်ပြုမှုကို အစစအရာရာ ချောမွေ့အောင် စောင့်ရှောက်ကူညီပေးခြင်းသာလျှင်ဖြစ်၏။ လူပေါင်းများစွာတို့ဖြင့် ပျော်ရွှင်စွာ ကခုန်လျက် ဆောင်ရွက်ရသော ရှင်လောင်းလှည့်ပွဲများ၊ အလှူလှည့်ပွဲများ၊ ကထိန်လှည့်ပွဲများစသည်တို့၌ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများက အစမှအဆုံး အေးအေးချမ်းချမ်း ချောချောမွေ့မွေ့ဖြစ်စေရန် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးလျက်သာရှိ၏။

အထူးသဖြင့် အလှူဒါယကာက တတ်နိုင်သောကြောင့် ရှင် ၁၀၀ ပြုပွဲ၊ ရှင် ၁၀၀၀ ပြုပွဲကဲ့သို့သော ပွဲကြီးမျိုးဆိုလျှင် ထိုအလှူဒါယကာ အဘယ်မျှတတ်နိုင်ပါစေ၊ သက်ဆိုင်ရာတို့၏ စိတ်တူသဘောတူ ကူညီစောင့်ရှောက်မှုမရခဲ့ပါလျှင် ချောချောမွေ့မွေ့ အောင်မြင်ဖို့ခက်ခဲပေရာ ထိုပွဲကြီးမျိုးအောင်မြင်ဖို့ သက်ဆိုင်ရာတို့က ပို၍ပင် ကူညီစောင့်ရှောက်ပေးကုန်သေး၏။ မိသားစုပေါင်း များစွာတို့၏ အစုအဝေးကြီးဖြစ်သောကြောင့် ကကြ ခုန်ကြ၊ ပျော်ကြပါးကြ၊ ချက်ကြပြုတ်ကြ၊ ကြော်ကြလှော်ကြရင်း တမင်မရည်ရွယ်ပါဘဲလျက် နင်ပဲငဆဖြစ်လာ၊ နင်လားငါလားဖြစ်လာကာ ထန်ထန်သဲသဲ ရန်ပွဲများ ဖြစ်တတ်လေ့ရှိသဖြင့် "ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ"ဟူသော အဆိုများပေါ်ဖူးရကား ယင်းပွဲကြီးမျိုးတွင် သက်ဆိုင်ရာအာဏာပိုင်တို့၏ ကူညီစောင့်ရှောက်မှုသည် အေးချမ်းစွာ အောင်မြင်ဖို့ အဓိကဖြစ်နေလေ၏။ ဗဟိုအဆင့်မှ ကျေးရွာအဆင့်အထိ ယင်းသို့သော စောင့်ရှောက်ကူညီမှုများသည် သမနုညာစစ်စစ် ပါပေတည်း။

ပထမမြန်မာနိုင်ငံတော်ကြီး ဖြစ်ထွန်းလာသော ပုဂံခေတ်မှစ၍ ဗုဒ္ဓဘာသာကို ကြည်ညိုကိုးကွယ်ဆည်းကပ်သူ တရစပ်တိုးပွားလာခဲ့ရာ ယနေ့အချိန်အခါဝယ် ဤ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင် ၈၉ ဒသမ ၂၈ရာခိုင်နှုန်းအထိ တိုးတက်များပြား လာသကဲ့သို့ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများ၊ သာသနာ့နွယ်ဝင် သီလရှင်များ တိုးပွားလာပုံကို မုဒိတာဖြင့် ရှုပါဦး။

- **၁၉၈၈ခုနှစ်၌ ရဟန်းသာမဏေများ သီတင်းသုံးရာ ဘုန်းတော်ကြီးကျောင်းပေါင်း ၅၁၃၂၂ ကျောင်းရှိခဲ့ရာမှ ယခု ၂၀၀၃ခုနှစ်တွင် ၅၂၉၅၄ ကျောင်းရှိလာသဖြင့် ဘုန်းတော်ကြီးကျောင်းပေါင်း ၁၆၃၂ ကျောင်းတိုးပွားလာခြင်း၊**
- **၁၉၈၈ခုနှစ်၌ ရဟန်းတော်အရေအတွက် ၁၆၇၅၆၂ပါးရှိခဲ့ရာမှ ယခု ၂၀၀၃ခုနှစ်တွင် ၁၉၂၄၅၉ ပါးရှိလာသဖြင့် ရဟန်းတော်ပေါင်း ၂၄၈၉၇ ပါး တိုးပွားလာခြင်း၊**
- **၁၉၈၈ခုနှစ်၌ သာမဏေအရေအတွက် ၂၃၉၃၄၁ပါး ရှိခဲ့ရာမှ ယခု ၂၀၀၃ခုနှစ်တွင် ၂၆၈၂၇၈ပါး ရှိလာသဖြင့် သာမဏေပေါင်း ၂၈၉၃၇ပါး တိုးပွားလာခြင်း၊**
- **၁၉၈၈ခုနှစ်၌ သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၄၀၄၃ပါး ရှိခဲ့ရာမှ ယခု ၂၀၀၃ခုနှစ်တွင် ၂၈၁၂၀ပါးရှိလာသဖြင့် သီလရှင်ပေါင်း ၄၀၇၇ပါး တိုးပွားလာခြင်း။**

[ယင်းကိန်းဂဏန်းများကို ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ဖွံ့ဖြိုးဝေစည် မြန်မာပြည်(၁၉၈၈-၂၀၀၃)စာအုပ်မှရရှိ။] ဖော်ပြပါ ကိန်းဂဏန်းများအရ တိုးပွားလာသော ရဟန်းသာမဏေများနှင့် တိုးပွားလာသော သီလရှင်များကို ထောက်ဆ၍ ယနေ့ တပ်မတော် အစိုးရလက်ထက်ကာလသည် သမ္ပတ္တိလေးပါးတို့တွင် ကာလသမ္ပတ္တိစစ်စစ်ဖြစ်ကြောင်း ဤဆောင်းပါးက ခံယူပါသည်။

ကာလသမ္ပတ္တိ ဟူသော အချိန်ကောင်းအခါကောင်းကို စွမ်းရည်ကြီးမားသော မင်းစိုးရာဇာများကသာ ဖန်တီးတည်ဆောက်နိုင်လေရာ ကာလသမ္ပတ္တိနှင့်အတူ ဂတိသမ္ပတ္တိ(ဦးတည်ချက် ပြည့်စုံကောင်းမွန်ခြင်း)၊ ပယောဂသမ္ပတ္တိ(နေ့ညမနား ကြိုးစားဆောင်ရွက်နိုင်ခြင်း)တို့ကို ပေါင်းစပ်ဖြည့်ဆည်းလိုက်သောအခါ ယနေ့ ဘုရားကျောင်းကန်စေတီပုထိုးဟူသော သာသနဥပဓိသမ္ပတ္တိ (သာသနာ့ရုပ်သွင်)အဘယ်မျှ ကြည်လင်ရွှန်းအိလျက်ရှိပုံ နိုင်ငံတော်ဝန်ကြီးချုပ်လျှောက်ထားချက်ကို ဆက်လက်ထုတ်ပြပါမည်။

"ဗုဒ္ဓသာသနာတော်မြတ်ကြီး စည်ပင်ပြန့်ပွားထွန်းကားစေရန်အတွက် ရှေးဟောင်းဘုရားပုထိုးများ ပြုပြင်မွမ်းမံခြင်း၊ စေတီတော်အသစ်များတည်ထားပေးခြင်း၊ ရှေးဟောင်းကျောင်းတော်ကြီးများ မွမ်းမံပြင်ဆင်ခြင်း၊ စာသင်တိုက်ကြီးများ၌ သုံးထပ်ကျောင်းဆောင်၊ ငါးထပ်ကျောင်းဆောင်၊ ကိုးထပ်ကျောင်းဆောင်စသည်ဖြင့် ကျောင်းဆောင်အသစ်များဆောက်လုပ်လှူဒါန်းခြင်း၊ သာသနာ့မြေများလှူဒါန်းခြင်း၊ သာသနာ့အဆောက်အအုံများဆောက်လုပ်နိုင်စေရန် ကူညီထောက်ပံ့ပေးခြင်းစသည့် သာသနာတော်အား အထောက်အပံ့ဖြစ်စေမည့် ဆောင်ရွက်ဖွယ်ရာများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ကျောင်းကန်ဘုရား သာသနိကအဆောက်အအုံများသည် နတ်ဘုံနတ်နန်းတမျှ တင့်တယ်သပ္ပာယ်လျက် ရွှေရောင်တဝင်းဝင်း ထုံးဖြူတဖွေးဖွေး ဆေးရောင်စုံများ သစ်လွင်တောက်ပစွာ ကြည်ညိုဖွယ်ဆောင်နိုင်သည်ကို တွေ့မြင်နေရပြီဖြစ်ပါကြောင်း"

ပီတိအကြိမ်ကြိမ် ပဿဒ္ဓိစိမ်နိုင်ဖို့ နှစ်ကြိမ်နှစ်ကျော့ပြန်ဖတ်ပါ။

ယင်းသို့ သာသနာမှု အစုစုဝယ် စတုလေးရပ် သမ္ပတ်လေးထွေ ပြည့်စုံနေသကဲ့သို့ တိုင်းပြည်နိုင်ငံ၏ အရေးအရာအားလုံး၌လည်း သမ္ပတ္တိများ ထွန်းကားလျက်ရှိပုံ နိုင်ငံတော်ဝန်ကြီးချုပ်က ဤသို့လျှောက်ထား၏။

"ဤကဲ့သို့ နိုင်ငံတော်အစိုးရဦးဆောင်မှုဖြင့် ဗုဒ္ဓဘာသာဝင် ပြည်သူပြည်သား အများတို့ လှူဒါန်းနိုင်ကြခြင်းမှာ စီးပွားရေးအခြေအနေဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် ဖြစ်ပါကြောင်း။

"ရွှေတိဂုံစေတီတော်ထီးတော်တင်ပွဲ ကျင်းပပြုလုပ်စဉ်က ဒါယကာတစ်ဦးတည်းက ငွေကျပ်သိန်းပေါင်း ၅၀၀၀ ကျော်လှူဒါန်းခြင်း၊ အခြားဒါယကာတစ်ဦးက ရွှေစင်ပိဿာ ၃၅ ပိဿာလှူဒါန်းခြင်းများကို တွေ့ရှိရသည့်အပြင် ကျပ်ငွေသိန်း ၅၀၀၊ သိန်း ၁၀၀၀ အကုန်အကျခံ၍ ရွှေကျောင်းကြီးများကို တစ်ဦးတည်းဒါယကာခံပြီး ဆောက်လုပ်လှူဒါန်းကြသည်ကိုလည်း တွေ့ရှိရပါကြောင်း"

ယင်းသည် သာသနာ့ဥပဓိနှင့် နိုင်ငံဥပဓိကို သမိုင်းထင်ထင်တင်ကျန်အောင် ထင်ချန်ထားမည့် သမ္ပတ္တိမော်ကွန်းဖြစ်၏။ လွတ်လပ်ရေး၏သည်မှာဘက် ဘယ်အစိုးရလက်ထက်မှာမှ ပေါ်မလာထွန်းမထင်နိုင်ဘဲ ထစ်နေခဲ့ရာဝယ် ယနေ့တပ်မတော်အစိုးရလက်ထက်ရောက်လာမှသာ တစ်ရှိန်ထိုးတွန်းတင်နိုင်သည့် သမိုင်းဝင်ဒါနမှတ်တမ်းများဖြစ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

ညောင်ကန်အေးဆရာတော် သာသနာပြုခရီးမှ ပြန်လည်ကြွရောက်

ရန်ကုန် နိုဝင်ဘာ ၂၉

မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ပဓာနနာယကဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံ သာသနာပြုခရီးမှ နိုဝင်ဘာ၂၇ရက်ည စနာရီတွင် ပြန်လည်ကြွရောက်လာကြောင်း သိရသည်။ (က-ပ)

ဖြူးခြံဈေးတာ၊ ထိန်းပါလေလွင်၊ ထုတ်ကုန်မြှင့်

မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး

ခင်မြန်မာ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် အမျိုးသမီးထုကြီး၏ အင်အားသည် နိုင်ငံတော် လူဦးရေ၏ ၅၂ ရာခိုင်နှုန်းမျှရှိရာ အမျိုးသားများထက် ပိုမိုကြီးမားကျယ်ပြန့်သည့် စွမ်းအားစုကြီး ဖြစ်ပါတယ်။ မြန်မာ့သမိုင်းစဉ်တစ်လျှောက်လုံးမှာလဲ မြန်မာအမျိုးသမီးများသည် တည်ဆဲဥပဒေအရ အမျိုးသားများနှင့်တန်းတူ အခွင့်အရေးများရရှိလာခဲ့ကြပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့်လဲ မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိပြီး မြန်မာအမျိုးသမီးအခွင့်အရေးများ ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးအားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီး စီးပွားရေးစွမ်းဆောင် ရှင်များအသင်းစသည့် အမျိုးသမီးများဦးဆောင်သော အဖွဲ့အစည်းများကို ဖွဲ့စည်းပေးခဲ့ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ မြန်မာအမျိုးသမီးရေးရာကော်မတီ၏ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် တိုးမြှင့်လုပ်ရှား ဆောင်ရွက်နိုင်ရေးအတွက် လှိုင်မြို့နယ် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ(MICT Park)၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီဝင်များနှင့် အမျိုးသမီးရေးရာကဏ္ဍနှင့် သက်ဆိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအား တွေ့ဆုံ၍ အဆင့်မြှင့်တင်လှုပ်ရှား ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ လမ်းညွှန်မှာကြားရာတွင် – **“မြန်မာ နိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံပြီးလှုပ်ရှားဆောင်ရွက်လျက်ရှိရာ၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ဖွယ်ရာ များစွာရှိနေသည်နှင့်အညီ လက်ရှိ လှုပ်ရှားဆောင်ရွက်မှုများဖြင့် လုံလောက်မှုမရှိသည်ကို တွေ့ရကြောင်း၊ အမျိုးသမီးရေးရာ ကဏ္ဍလုပ်ငန်းများ ပိုမိုကျယ်ပြန့် ထိရောက်စွာ တိုးမြှင့်လှုပ်ရှားဆောင်ရွက်နိုင်ရေး၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ပိုမိုကျယ်ပြန့်စွာ လှုပ်ရှား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအရ အမျိုးသမီးများသည် အမျိုးသားများ၏ ဦးဆောင်မှု နောက်တွင် လိုက်ပါခဲ့ကြသည့် အလေ့အထများ ဖြစ်တည်ခဲ့ကြောင်း၊ မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသည့် မြန်မာဆိုရိုးစကားနှင့်အညီ ခင်ပွန်းသည်ကို အိမ်ထောင်ဦးစီးအရာ၌ထားပြီး ဇနီးသည်က အိမ်ထောင်ဖက်အနေဖြင့် ပံ့ပိုးကူညီသည့် နေရာမှနေပြီး မိသားစုဘဝကို ဒိုးတူပေါင်ဖက်ဖွဲ့စည်း တည်ဆောက်လာခဲ့ကြောင်း၊ ထိုသို့ အမျိုးသားနှင့် အမျိုးသမီးတန်းတူအခွင့်အရေးရရှိခဲ့ကြသော်လည်း အမျိုးသမီးများက အမျိုးသားများကို ဦးစားပေးကြပြီး ခင်ပွန်းသည်၏ ရှေ့မှ နေရာယူလေ့မရှိကြသည့် ကောင်းမြတ်သော မြန်မာ့ဓလေ့အစဉ်အလာကို မသိနားမလည်သူများက မြန်မာအမျိုး သမီးများကို အမျိုးသားများနှင့်တန်းတူအခွင့်အရေး မရဟု စွပ်စွဲပြစ်တင်မှုများ ပြုလုပ်လျက် ရှိကြကြောင်း၊ ယင်းသို့ မြန်မာတို့၏ ကောင်းမြတ်သည့် အစဉ်အလာဓလေ့ကို နားမလည်နိုင်ဘဲ တလွဲယူဆကြသော နိုင်ငံများတွင် သူတို့၏ ဓလေ့စရိုက်နှင့်အညီ အမျိုးသမီးများက အမျိုးသားများ၏ ရှေ့၌ နေရာယူကြခြင်း၊ သားသမီးများက မိဘများအား ရိုကျိုးသိမ်မွေ့စွာ ဆက်ဆံမှုမရှိဘဲ ရိုင်းပျစွာဆက်ဆံခြင်း စသည့် မိမိတို့နိုင်ငံနှင့် လုံးဝမတူခြားနားသည့် ဓလေ့စရိုက်များတည်ရှိနေကြောင်း၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင်မူ အိမ်ထောင်ဦးစီးဖြစ်သူ ခင်ပွန်းသည်နှင့် အိမ်ထောင်ဖက်ဖြစ်သူ ဇနီးမယားတို့ ပေါင်းစည်းဖြစ်တည်နေမှုသည် ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများမှတစ်ဆင့် ဖြစ်ထွန်းလာပြီး ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းလာခဲ့ကြသည့် မြန်မာ့ရိုးရာ ဓလေ့အစဉ်အလာများဖြစ်ကြောင်း၊ ဤသို့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာအမျိုးသမီးများသည် အခွင့်အရေးဆုံးရှုံးမှုမရှိကြသည့်အလျောက် ထွန်းပေါက်အောင်မြင်သည့် အမျိုးသမီးစွမ်းဆောင်ရှင်များ များစွာပေါ်ထွန်းလာခဲ့ကြသကဲ့သို့ မိမိတို့နှင့်ဆိုင်ရာ ကဏ္ဍများအလိုက် တာဝန်ကျေပွန်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် အစဉ်အလာများရှိနေကြောင်း၊ အမျိုးသမီးများဦးဆောင်ပြီး အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှုပ်ရှားဆောင်ရွက်နေကြသည့် အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများသည် ထိုက်တန်သည့် နေရာမှနေ၍ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရအောင်၊ အမျိုးသမီးများရသင့်ရထိုက်သည့်အခွင့်အရေးများရရှိစေရအောင်၊ အခွင့်အရေးများမဆုံးရှုံးစေရအောင်၊ အမျိုးသမီးများ အကြမ်းဖက်ခြင်း၊ နှိပ်စက်ခြင်း မခံရစေရအောင် လူကုန်ကူးမှုမခံရအောင် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတာဝန်အဝဝကို စေတနာ့ ဝန်ထမ်း ထမ်းဆောင်နေကြသည်ကို တွေ့နိုင်ကြောင်း၊ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း အမျိုးသမီးများနှင့်သက်ဆိုင်သည့် လူမှုရေးအသင်းအဖွဲ့များ၏ မွန်မြတ်သော လုပ်ငန်းများအောင်မြင် ဖြစ်ထွန်းစေရအောင် အစဉ်တစိုက်အားပေး ကူညီလျက်ရှိရာ မြန်မာနိုင်ငံတော်တွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အခွင့်အရေး ဆုံးရှုံးမှုမရှိသကဲ့သို့ နောက်ကျ ကျန်မနေဘဲ ရှေ့တန်းတွင်ရှိနေသည်ကို ထင်ထင်ရှားရှားတွေ့နိုင်ကြောင်း၊ ဤသို့ အဘက်ဘက်မှ အကူအညီနှင့် အခွင့်အရေးများ၊ အခွင့်အလမ်းများ ရရှိကြသည်နှင့်အညီ မြန်မာအမျိုးသမီးများသည် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍများ အပါအဝင် အချို့သော ကဏ္ဍများတွင် အမျိုးသားများထက်ပင် ပိုမိုထွန်းတောက် စွမ်းဆောင်နိုင်လျက်ရှိသည်ကို တွေ့ရကြောင်း၊ ဤသည်မှာ မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူ ရည်တူ အခွင့်အရေးရရှိကြသည့်အလျောက် အမျိုးသမီး ကဏ္ဍပိုမိုထွန်းတောက်ရှေ့တန်းရောက်ရှိနေမှုကို ပေါ်ပေါ်လွင်လွင် ထင်ထင်ရှားရှား ဖော်ညွှန်းပြသနေခြင်းပင်ဖြစ်ကြောင်း၊ သို့ရာတွင် အချို့သော အနောက်နိုင်ငံကြီးများသည် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးလိုသည့် သဘောထားဖြင့် မြန်မာအမျိုးသမီးများအဖိနှိပ်ခံနေရသယောင်၊ မြန်မာအမျိုးသမီးများ အခွင့်အရေး နစ်နာဆုံးရှုံးနေသယောင် မြန်မာအမျိုးသမီးများ ရောင်းကုန်သဖွယ် လူကုန်ကူးခံနေရသယောင် မမှန်မကန်လုပ်ကြံစွပ်စွဲမှုများ၊ လုပ်ဆောင်နေကြသည်များ ရှိနေဆဲပင်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို သပ်လျှိုသွေးခွဲသည့် အနေဖြင့် ရှမ်းအမျိုးသမီးများမတော်မတရားပြုကျင့်ခံရသည့် လူကုန်ကူးခံရသည့် လုပ်ဇာတ်ခင်းစွပ်စွဲမှုများကိုလုပ်ဆောင်လျက် ရှိနေကြောင်း၊ ယင်းသို့မမှန်မကန် လုပ်ဇာတ်ခင်း စွပ်စွဲမှုများမှာ တိုင်းတစ်ပါးအရိပ်ကို မှီခိုပြီး ပြည်ထောင်စုကြီး ပြိုကွဲအောင် ဖန်တီးလုပ်ဆောင်နေသည့် အမျိုးသစ္စာဖောက် အုပ်စုနှင့် မြန်မာနိုင်ငံအကျိုးမလိုလားသော အနောက်နိုင်ငံကြီးများ ပေါင်းစပ်လျက် မြန်မာနိုင်ငံတော်နှင့်တကွ မြန်မာအမျိုးသမီးများအား ဂုဏ်သိက္ခာ ကျဆင်းအောင်၊ တိုင်းရင်းသားစည်းလုံးနေမှုပြိုကွဲအောင် လုပ်ကြံ ဖန်တီးနေကြခြင်းပင် ဖြစ်ကြောင်း၊ ဤကဲ့သို့ မြန်မာနိုင်ငံအကျိုး မလိုလားသူများနှင့် ပြည်တွင်းသစ္စာဖောက်များ ပူးပေါင်းလုပ်ကြံဖန်တီးပြီး မြန်မာနိုင်ငံကို ဆန့်ကျင်သည့် မီဒီယာအားကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု ပုံကြီးချဲ့လုပ်ဆောင်နေသည့်အတွက် မြန်မာနိုင်ငံအကြောင်း သေချာစွာ မသိရှိသူများအတွက် ထင်ယောင်ထင်မှား ဖြစ်ဖွယ်ရှိနေကြောင်း၊ ယင်းသို့သော အခြေအနေအချိန်အခါမျိုးတွင် မြန်မာအမျိုးသမီးများကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ရရှိပြီးမြန်မာအမျိုးသမီးအခွင့်အရေးများပိုမိုတိုးတက်ခိုင်မာစေရေးအတွက် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့်လိုက်လျောညီထွေ ပိုမိုကျယ်ပြန့်ထိရောက်စွာ တိုးမြှင့်လှုပ်ရှားဆောင်ရွက်နိုင်စေရအောင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည်အခြေအနေအချိန်အခါနှင့်အညီပိုမိုကျယ်ပြန့်စွာ လှုပ်ရှားဆောင်ရွက်သွားရန် လိုအပ်ကြောင်း”** စသည်ဖြင့် လမ်းညွှန်မှာကြားသွားတာကို မှတ်သားလိုက်ရပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် မြန်မာအမျိုးသမီးထု တစ်ရပ်လုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်၊ အစဉ်အလာများ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ မြန်မာအမျိုးသမီးငယ်များ လမ်းမှားမရောက်စေရေး၊ လူပွဲစားများ၏ ရောင်းစားခြင်း မခံရစေရေး၊ ပြည်ပအထင်ကြီးစိတ် ပပျောက်ရေး၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများတွင် ကင်းရှင်းစေရေး၊ အမျိုးသမီးများ၏နစ်နာမှု၊ ဆုံးရှုံးမှု နည်းပါးရေးကိစ္စများ၌ ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။ အမျိုးသမီးများအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊အမျိုးသမီးများအားအကြမ်းဖက်မှုမှကာကွယ်ရေး၊ စောင့်ရှောက်ရေး ပြန်လည်ထူထောင်ရေးနှင့် အမျိုးသမီးငယ်ရွယ်များ၏ ဘဝဖွံ့ဖြိုးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြန်ကြားဆက်သွယ်ရေးစသည့်ကဏ္ဍ ရှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဝင် ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခေါင်းဆောင်သည့်အဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ချင်းပြည်နယ်၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ပဲခူးတိုင်း(အရှေ့ခြမ်း)၊ မန္တလေးတိုင်းစသည့် ပြည်နယ်နှင့် တိုင်းများသို့ ကွင်းဆင်းသွားရောက်ခဲ့ပြီး ဒေသခံအမျိုးသမီးများနှင့် တွေ့ဆုံကာ မိသားစုစကားဝိုင်းအသွင်ဖွဲ့ကာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ ထိုသို့တွေ့ ဆုံဆွေးနွေးရာတွင် အမျိုးသမီးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များ၊ အခက်အခဲများကို အကြံကောင်း၊ ဉာဏ်ကောင်းများပေး၍ ဖြေရှင်းခြင်း၊ လိုအပ်မှုများအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဖြေရှင်းပေးခြင်း၊ လူမှောင်ခို၊ လူပွဲစားများ ဖော်ထုတ်ဖမ်းဆီးနိုင်ရေး နည်းလမ်းများဆွေးနွေးညှိနှိုင်းခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာဆိုရင် နိုင်ငံတော်အစိုးရရဲ့ အားပေးကူညီမှု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ၏ ကွင်းဆင်းဆွေးနွေးပညာပေး ထိရောက်မှု မိတ်ဖက်အဖွဲ့အစည်းများ၏ စိတ်အားထက်သန်စွာ ပူးပေါင်းပါဝင် ဆောင်ရွက်မှု၊လူမှောင်ခိုကုန်ကူးမှု ကြိုတင်တားဆီးကာကွယ်ရေးအဖွဲ့ အဆင့်ဆင့်၏ဟန်ချက်ညီညီ အလေးထား ဆောင်ရွက်မှုတွေကြောင့် ၂၀၀၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း လူပွဲစား ၃၅၂ဦးအား အမှုပေါင်း၁၇၃မှုဖြင့် အရေးယူနိုင်ခဲ့ပြီး လူပွဲစားများအန္တရာယ်မှ ၈၂၆ဦး ကယ်တင်နိုင်ခဲ့ကာ လူပွဲစားများကို ထိရောက်သော ပြစ်ဒဏ်များ ချမှတ်ခဲ့ပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ၏ စွမ်းဆောင်မှုများကို ကြည့်မယ်ဆိုရင် လူမှောင်ခိုကုန်ကူးမှု ပပျောက်ရေး၊ အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးအနက်ခံယူကာ ဆောင်ရွက်လျက်ရှိနေတာကို မျက်ဝါးထင်ထင် တွေ့နေရပါတယ်။ အခုလို ထိရောက်သော ကွင်းဆင်းဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းနှင့်ပြည်နယ် အသီးသီးရှိ အမျိုးသမီးငယ်ရွယ်လေးများအနေဖြင့် လူမှောင်ခိုကုန်ကူးမှု၏ ဆိုးကျိုးများ၊ အသိပညာများ ကာကွယ်တားဆီးရမည့် နည်းလမ်းများကို သိရှိခွင့်ရရှိတဲ့အတွက် လူမှောင်ခိုကုန်ကူးမှု အန္တရာယ်သည် မိမိနိုင်ငံမှာ ပပျောက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် နိုင်ငံတော်အစိုးရ၏ အားပေးကူညီမှုနှင့်အတူ လူမှောင်ခိုကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးအတွက် စိတ်ရင်းစေတနာကောင်းဖြင့် မည်သို့ပင်ကြိုးစား လုပ်ဆောင်နေစေကာမူ အချို့သောအနောက်နိုင်ငံကြီးများက မြန်မာနိုင်ငံအပေါ်နိုင်ငံရေးအရ ဖိအားပေးလိုသောသဘောဖြင့် မြန်မာအမျိုးသမီးများ ဖိနှိပ်ခံနေရသယောင်၊ မြန်မာအမျိုးသမီးများ အခွင့်အရေး နစ်နာဆုံးရှုံးနေသယောင်၊ မြန်မာ အမျိုးသမီးများ ရောင်းကုန်သဖွယ် လူကုန်ကူးခံနေရသယောင် မမှန်မကန် လုပ်ကြံစွပ်စွဲမှုများ လုပ်ဆောင်နေကြဆဲပင် ဖြစ်သည်။

ယခုလို အခြေအနေအချိန်အခါမျိုးမှာ မြန်မာနိုင်ငံအပေါ်သဘောထားမှန်ကန်မှုတစ်စွာဖြင့် စေတနာအပြည့်အဝထားပြီး မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသော ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံလူမှုရေးကဏ္ဍတွင် စေတနာ့ဝန်ထမ်းကူညီပံ့ပိုးဆောင်ရွက်နေကြသော နိုင်ငံတကာမှ အစိုးရမဟုတ်သည့် လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ပြီး မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် လက်တွဲပူးပေါင်းဆောင်ရွက်ဖွယ်ရာများကို ပိုမိုတိုးချဲ့ ဆောင်ရွက်သွားရန်လိုပါတယ်။ ဒါ့ကြောင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို အောက်ပါရည်ရွယ်ချက်များဖြင့် အဆင့်မြှင့်တိုးချဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ခ) အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်၊

(ဂ) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(င) အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) အမျိုးသမီးများနှင့်ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊

(ဆ) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန်။

အဆင့်မြှင့်တိုးချဲ့ ဆောင်ရွက်သွားမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီအနေဖြင့် အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးတက်ခိုင်မာရေး စသည့် လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းတာဝန်များ အရှိန်အဟုန်မြှင့်၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်အပြင် အခြားသော နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေးလုပ်ငန်းတာဝန်များကိုလဲ တိုးတက်ထမ်းဆောင်သွားမှာဖြစ်ပါတယ်။ ကျေးလက်နှင့် အစွန်အဖျားဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး၌ပါ ရပ်တွင် အမျိုးသမီးများကဏ္ဍမှ ပူးပေါင်းပါဝင်လျက် ကျေးလက်စီးပွားရေး တိုးတက်ကောင်းမွန်ရေး၊ ဆင်းရဲနွမ်းပါးမှုလျော့ချရေး၊ အလုပ်အကိုင်နှင့်အခွင့်အလမ်းများ တိုးပွားစေရေး စသည့်လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့အပြင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည်အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာရန် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်ကြီးခုနစ်ရပ် အောင်မြင်ရေးအတွက် အမျိုးသမီးများကဏ္ဍမှလဲ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ပြည်သူလူထုတစ်ရပ်လုံးက အမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးသွားပါရန် ဆန္ဒပြုတိုက်တွန်းလိုက်ရပါတယ်။ ။

တိလောကဓိပတိ မဟာမုနိ ပေးမကုန်ဘေးလုံ ဒေသစာရီကြေးတော်ကြီးဘုရား

ရန်ကုန် နိုဝင်ဘာ ၂၉

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် အမှတ်(၃)ဝိုင်း ဒေးဒရဲကျောင်းတွင် သီတင်းသုံးစံပယ်တော်မူမည့် ဉာဏ်တော်အမြင့် ၉ ပေ ၉ လက်မ၊ ကြာပလ္လင်အမြင့် ၁၈ လက်မ၊ ကြေးပိဿာချိန် ၉၀၀ ရှိတော်မူသော တိလောကဓိပတိ မဟာမုနိ ပေးမကုန်ဘေးလုံ ဒေသစာရီကြေးတော်ကြီးဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ဘုရားဒါယကာ ဦးသက်၊ ဘုရားဒါယိကာမ ဒေါ်မြင့်မြင့် မိသားစုတို့၏ မင်္ဂလာနေအိမ်ရှေ့တွင် နိုဝင်ဘာ ၂၄ ရက်မှ ၃၀ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပလျက်ရှိသည်။

ဆက်ကပ်လှူဒါန်း

ဒေသစာရီကြေးတော်ကြီးဘုရား ထာဝရ သီတင်းသုံးစံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ဦးသက်-ဒေါ်မြင့်မြင့် မိသားစုတို့က အလှူတော်ငွေကျပ် သုံးသိန်းနှင့် အများပြည်သူလှူဒါန်းငွေကျပ် နှစ်သိန်း စုစုပေါင်းကျပ် ငါးသိန်းကို ဒေသစာရီကြေးတော်ကြီးဘုရား ပဓာနနာယကဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသအား နိုဝင်ဘာ ၂၈ရက်က ဆက်ကပ်လှူဒါန်းသည်။**(အပေါ်ပုံ)** နိုဝင်ဘာ ၃၀ ရက် ည ၇ နာရီတွင် ဆရာတော်ကဒါန အနုမောဒနာ တရားဟောကြားချီးမြှင့်ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်သည်။

ဒေသစာရီကြေးတော်ကြီးဘုရားကြီး ပင့်ဆောင်ပူဇော်လိုသူများနှင့် ဂန္ဓကုဋိတိုက်ကျောင်းတော်ကြီး ဆောက် လုပ်ရန်အတွက် လှူဒါန်းလိုသူများသည် အကျိုးတော်ဆောင် ဦးသက်-ဒေါ်မြင့်မြင့်မိသားစု (မိဘမေတ္တာ-ရွှေဥသာ) အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး အမှတ်(၂) ဗြဟ္မစိုရ်လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့ ဖုန်း-၅၇၁၅၈၁ သို့ ဆက်သွယ်ပင့်ဆောင်ပူဇော် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၂၀၀)**

အဆင့်မြင့်ရော်ဘာအစေးထုတ်ကိရိယာ အသုံးပြုထုတ်လုပ်မှုနည်းပညာသရုပ်ပြ

ရန်ကုန် နိုဝင်ဘာ ၂၉

တနင်္သာရီတိုင်း မြိတ်မြို့ စန္ဒဝတ်ကျေးရွာအုပ်စု ရွှေဒူးကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ဆီအုန်းအသုံးချ သုတေသနဌာနတွင် နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီခွဲက တနင်္သာရီတိုင်း မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းနှင့် Myanmar Faith Venture Co., Ltd. တို့ပူးပေါင်း၍ အဆင့်မြင့်ရော်ဘာ အစေးထုတ်ကိရိယာသုံး ရော်ဘာအစေးထုတ်လုပ်မှုနည်းပညာ လက်တွေ့သရုပ်ပြပွဲ ကျင်းပသည်။

သရုပ်ပြပွဲသို့ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အုန်းမြင့်၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း တိုင်းမန်နေဂျာ ဦးမြရှိန်က တနင်္သာရီတိုင်းအတွင်း ရော်ဘာဧက ၁၀၄၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် Myanmar Faith Venture Co., Ltd. မှ ဥက္ကဋ္ဌ ဒေါ်မူယာမြင့်က ရော်ဘာအစေးထုတ်လုပ်မှုနည်းပညာအကြောင်းကို မိတ်ဆက်ရှင်းလင်းတင်ပြသည်။

၎င်းနည်းစနစ်ကိုအသုံးပြုခြင်းဖြင့် ရော်ဘာတစ်ပင်လျှင် ရော်ဘာအစေး ကီလိုဂရမ် ၂၀၀၀ အထိ ထုတ်လုပ်နိုင်ကြောင်း ရှင်းလင်းတင်ပြပြီး လက်တွေ့သရုပ်ပြသသည်။ **(သတင်းစဉ်)**

စာရင်းကိုင် သင်တန်းများဖွင့်မည်

ရန်ကုန် နိုဝင်ဘာ ၂၉

စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုလိုသူများ၊ ပြည်တွင်းပြည်ပကုမ္ပဏီများတွင် စာရင်းကိုင်အဖြစ် ဝင်ရောက်လိုသူများ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို အောင်မြင်စွာစီမံ ခန့်ခွဲလိုသူများအတွက် KM Language & Business Centreက စီစဉ်သော အခြေခံစာရင်းကိုင်ပညာနှင့် နိုင်ငံတကာအသိအမှတ်ပြု စာရင်းကိုင်ဒီပလိုမာ LCCI Level I,II,III တန်းခွဲသစ်များကို ဒီဇင်ဘာ ၁ ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်သည်။

အဆိုပါသင်တန်းများကို ဆရာဦးကျင်ဟွန်း၊ ဒုတိယညွှန်ချုပ် (ငြိမ်း) စာရင်းစစ်ချုပ်ရုံးနှင့် ဘာသာရပ်တစ်ခုချင်းအလိုက် အထူးကျွမ်းကျင်သည့် ဝါရင့်ဆရာများက သင်ကြားပေးမည်ဖြစ်ရာ အခြေခံပညာ အထက်တန်းအဆင့်မှစ၍ ဘွဲ့ကြို၊ ဘွဲ့ရများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် စိတ်ဝင်စားသူများ KM Centre အမှတ်(၂၅) နံ့သာလမ်း ဌာနာရပ်ကွက် အလုံမြို့နယ်ခန်းမအနီး ဖုန်း-၂၂၁၁၆၀ သို့ ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုဝင်ဘာ ၂၄ ရက်က မရမ်းကုန်းမြို့နယ်အတွင်းရှိ ရဟန်း ၃၈ပါး၊ သာမဏေအပါး ၆၀၊ သီလရှင် ၂၆ပါးတို့အား သာသနာဝင်မှတ်တမ်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ကန်ဦးဇေတဝန်စာသင်တိုက်၌ ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုသော်က ရဟန်း၊ သာမဏေ၊ သီလရှင်များထံ ဆက်ကပ်လှူဒါန်းစဉ်။ (၄၂၁)

ဆက်ကပ်

နိုဝင်ဘာ ၂၁ ရက်က မြောက်ဥက္ကလာပမြို့နယ် ပဏ္ဍိတာရာမကျောင်းတိုက်အတွင်းရှိ ရဟန်း၊ သာမဏေများအား မြို့နယ်သာသနာရေးမှူး ဦးလှိုင်ဌေးက သာသနာဝင်ကတ်ပြားများ ဆက်ကပ်စဉ်။ (က-ပ)

မြန်မာ-တရုတ် မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများအစည်းအဝေး တာချီလိတ်၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၉

မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ ဒုတိယအကြိမ် မြန်မာ-တရုတ် နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများအစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ Regina Hotel ၌ ကျင်းပသည်။ အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ၁၈ ဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်မှ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Mr. Wang Qianrong ခေါင်းဆောင်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ ၁၄ ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းတားဆီးနှိမ်နင်းရေးတွင် သတင်းဖလှယ်မှု၊ သင်တန်းပေးရေးကိစ္စရပ်များနှင့် အစားထိုးဖွံ့ဖြိုးရေးတွင် ဘိန်းအစားထိုး စိုက်ပျိုးရေးကဏ္ဍ၌ မြန်မာနိုင်ငံကို တရုတ်နိုင်ငံမှ ကူညီပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး မွန်းလွဲပိုင်းတွင် တာချီလိတ်မြို့ ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာကြသည်။

ဆွေးနွေးတင်ပြ

အဆိုပါ တရုတ်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် မူးယစ်ဗဟိုအဖွဲ့ အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ လိုက်ပါ၍ မိုင်းယွန်းမြို့သို့ ရောက်ရှိလေ့လာကာ မွန်းလွဲပိုင်းတွင် 'ဝ'အထူးဒေသ ဝမ်ဟုန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးခြံသို့ ဆက်လက်လေ့လာကြသည်။ လေ့လာရေးခရီးစဉ်၌ ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ဒေသခံ 'ဝ'တိုင်းရင်းသားခေါင်းဆောင်များနှင့် တာဝန်ရှိသူများက ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ကြသည်။

အစည်းအဝေး တက်ရောက်လာကြသည့် တရုတ်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် မိုင်းလားမှတစ်ဆင့် ပြန်လည်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂုဏ်ထူးလက်ဆောင် ဘာသာစုံစာမေးပွဲအထူးထုတ်

ရန်ကုန် နိုဝင်ဘာ ၂၉

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန ရန်ကုန်ပညာရေးတက္ကသိုလ်မှ ပါမောက္ခကြီးများကိုယ်တိုင် ရေးသားတည်းဖြတ်ထားသည့် ဂုဏ်ထူးလက်ဆောင် ဘာသာစုံစာမေးပွဲ အထူးထုတ် မေးခွန်း ငါးစုံ ဝိပ္ပံတွဲကို စန္ဒာညွန့် စာပေ အမှတ် ၁၂၆ ၃၄ လမ်း ကျောက်တံတားမြို့နယ်နှင့် စာအုပ်ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်ပြီး ဖုန်း-၀၁-၂၄၆၁၆၃၊ ၂၅၆၁၄၅ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ **(အပေါ်ပုံ)(က-ပ)**

S.E.S Health Care ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်းဖွင့်၊ အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂၉

မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မြေရပ်ကွက် မြန်မာ့ဂုဏ်ရည်လမ်း အမှတ် ၅၉/၆၃တွင် S.E.S Health Care ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်းဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၂၈ရက်က အထူးကုဆေးခန်းတွင်ကျင်းပသည်။

အခမ်းအနားတွင် ဆေးခန်းပိုင်ရှင် ဦးဝင်းလွင်-ဒေါ်မာလာ ဘာရာဒွါဂျာ (ရွှေအိမ်စည်)တို့က ရန်ကုန်ကလေးရောဂါကုဆေးရုံကြီးသို့ တန်ဖိုးငွေ ၁၁၀၀၀၀ကျပ်တန် အသက်ကယ်အောက်စီဂျင်တစ်လုံး၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးဝန်ထမ်းသက်သာ၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းရုံးဝန်ထမ်းသက်သာ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးရုံးဝန်ထမ်းသက်သာ၊ ကျန်းမာရေးဦးစီးဌာနရုံးဝန်ထမ်းသက်သာနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ ငွေကျပ် ၁၀၀၀၀စီ ပေးအပ်လှူဒါန်းရာ မြို့နယ်ရဲတပ်ဖွဲ့ စခန်းရုံး ဝန်ထမ်းသက်သာအတွက် အလှူငွေကို မြို့နယ်ရဲတပ်ဖွဲ့ ဒုရဲမှူးသန်းငွေက လက်ခံရယူသည်။ **(ဝဲပုံ)**

ဖွင့်လှစ်ကုသပေး

ပြည်သူ့ကျန်းမာရေးအတွက် အထူးကုဆေးခန်းကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၉နာရီထိ သမားတော်၊ အထူးကုဆရာဝန်ကြီးများက ပိတ်ရက်မရှိ ဖွင့်လှစ်ကုသပေးမည် ဖြစ်ကြောင်း သိရှိရသည်။ **(က-ပ)**

Software Engineering သင်တန်းဖွင့်လှစ်

ရန်ကုန် နိုဝင်ဘာ ၂၉

Informatic Lanmadaw မှ Software Engineer ဖြစ်လိုသူများအတွက် Software Engineering သင်တန်းကို ဒီဇင်ဘာ ၁ ရက်မှစ၍ ဖွင့်လှစ်မည် ဖြစ်သည်။

ကျွမ်းကျင်၍ အတွေ့အကြုံရှိသော ဆရာ ဆရာမများက သင်ကြား ပေးမည်ဖြစ်ပြီး၊ Practical Project, Assignment, Progress Test, Final Exams တို့ဖြင့် ထိရောက်စွာ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းအောင်မြင်ပြီးဆုံးပါက Singapore Informatics မှ တိုက်ရိုက် ချီးမြှင့်သော Certificateကို ရရှိမည်ဖြစ်ပြီး အလုပ်ခွင်အတွင်း ဝင်ရောက်နိုင်မည်ဖြစ်သည်။ အဆိုပါ သင်တန်းကို တက်ရောက်သူတိုင်း Basic IT သို့မဟုတ် Office သို့မဟုတ် DTP သင်တန်းများမှ ကြိုက်နှစ်သက်ရာသင်တန်းတစ်ခုကို အခမဲ့တက်ရောက်နိုင်မည် ဖြစ်သည်။ အသေးစိတ် သိလိုပါက ဖုန်း- ၂၅၁၀၆၄ သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဖွံ့ဖြိုးတိုးတက်နေသည့် ရေကြောင်းဆိုင်ရာကဏ္ဍ

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် လိုအပ်သည့် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များဖြစ်စေရန် ရေကြောင်းအရာရှိများနှင့် ရေကြောင်းအင်ဂျင်နီယာများကို ဤသို့ မွေးထုတ်ပေးလျက်ရှိသည်။ ဓာတ်ပုံမှတ်တမ်း–(မြန်မာ့အလင်း)

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင်လိုအပ်သည့် ရေကြောင်းပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးအတွက် တည်ဆောက်ထားသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် လေးထပ်စာသင်ဆောင်ကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–(မြန်မာ့အလင်း)

နိုင်ငံတော်၏စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ အသီးသီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး၊ ပြည်တွင်းလေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ ဟန်ချက်ညီညီတိုးတက် ဖြစ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရက စနစ်တကျစီမံ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။

လေကြောင်းနှင့်ရေကြောင်း ပို့ဆောင်ရေးကဏ္ဍတွင် ထူးခြားသည့် တိုးတက်ဖြစ်ထွန်းမှုတစ်ခုဖြစ်သည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့ကို မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ပေးနိုင်ခဲ့ပြီး နိုင်ငံတကာအဆင့်မီ ရေကြောင်းပညာရှင်များ၊ ရေကြောင်းဆိုင်ရာ ဗိသုကာများနှင့်အင်ဂျင်နီယာများ၊ လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရှင်များ၊ ဗိသုကာများ၊ အင်ဂျင်နီယာများ ပေါ်ထွန်းလာစေရန် ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

(မြန်မာ့အလင်း)

ရေကြောင်းပညာရှင်များ မွေးထုတ်ပေးလျက်ရှိသည့် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း–(မြန်မာ့အလင်း)

ရေကြောင်းပို့ဆောင်ရေးကဏ္ဍတွင် တစ်ခုပါဝင်သည့် ခရီးသည်နှင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ကမ်းရိုးတန်းသွား သံလွင်သင်္ဘောကြီးက ရေကြောင်းကဏ္ဍဖွံ့ဖြိုးမှုအတွက် အထောက်အပံ့တစ်ခုဖြစ်သည်။ ဓာတ်ပုံမှတ်တမ်း–(မြန်မာ့အလင်း)



အဆင့်မြင့်ရေကြောင်းပညာရှင်များ မွေးထုတ်ပေးနိုင်ရန်အတွက် နည်းပညာများသင်ကြားပေးမည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် အဆောက်အအုံပုံစံ။ ဓာတ်ပုံမှတ်တမ်း–(မြန်မာ့အလင်း)

မိုးအနည်းငယ်ရွာဖွယ်

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ ညနေပိုင်းတို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ ဇဋိလလမ်း၊ အမှတ် ၅နေ ဦးစံလှိုင်+၃၊ မှတ်ပုံတင်အမှတ် ၁၂/တမန(နိုင်)၀၀၇၈၀၁က တာမွေမြို့နယ်၊ မြေတိုင်း ၄အေ၉၁၊ မြေကွက် ၁၂၃(ဦးဘရွှေနှင့်ဒေါ်ရွှေ)အမည်ရှိ နှစ်(၆၀)ဂရန်မြေအား မြေပုံကူးခွင့်ပြုပါရန် လျှောက်ထားလာရာ ရက်၃၀ အတွင်းကန့်ကွက်နိုင်ပါသည်။

ဌာနမှူး(က–စ)
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

(၄၃)နှစ်မြောက် မင်္ဂလာဆုတောင်း

မန္တလေးမြို့နေ ဖေဖေဦးသန်းဦးနှင့် မေမေဒေါ်စန်းစန်းတို့၏ ၃၀–၁၁–၂၀၀၃ ရက်နေ့တွင် ကျရောက်သော (၄၃)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင်ချစ်သောသား၊သမီး၊ မြေးများနှင့်အတူ ဘ၀ခရီးကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သား – Dr.အောင်စန်းဦး(ခရိုင်အထူးကုသမားတော်ကြီး၊ ပြင်ဦးလွင်ပြည်သူ့ဆေးရုံကြီး)–ဗိုလ်မှူးဒေါ်ဝင်းဝင်းမြင့်(ဆေးမှူး)
သမီး – ဒေါ်ခင်စန်းဦး(Lucky သောက်ရေသန့်၊မန္တလေး)
သား – Dr.သူရဦး(ခွဲစိတ်အထူးကု၊မန္တလေးပြည်သူ့ဆေးရုံကြီး)–Dr.ဒေါ်ခင်ဝင်းရီ(မီးယပ်သားဖွားအထူးကု)
သမီး – ဒေါ်ဒေဝီဦး(စီးပွားရေးပညာဌာန၊ Y.U.D.E)–ဦးတိုးဝင်း(အင်္ဂလိပ်စာဌာန၊ Y.U.F.L)
သား – ဦးရဲဝင့်ဦး(A.A.T Computer ၊ မန္တလေး)–ဒေါ်အေးအေးသန့်(A.A.T Computer ၊ မန္တလေး)
သား – Dr. မိုးဝင့်ဦး(သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊မန္တလေး)
သား – ဦးသီဟဦး(မြို့ပြအင်ဂျင်နီယာ၊မန္တလေး)–ဒေါ်မြင့်မြင့်ခိုင်
ချစ်မြေးများ။

Myanmar P.G.A နှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဂေါက်သီးရိုက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်ကြည့်ရှုအားပေးဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၉

Myanmar P.G.Aနှင့်မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသော မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ၂၀၀၃ (Myanmar Golf Tour 2003)၏ စတုတ္ထပွဲစဉ် Myanmar P.G.A နှင့်မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဂေါက်သီး ရိုက်ပြိုင်ပွဲ စတုတ္ထနေ့(၁၈) ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ပဲခူးမြို့နယ်ရှိ Hanthawaddy Golf and Country Club ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင်U.P.Gမန်နေဂျင်းဒါရိုက်တာ ဦးအေးဟန်က အမျိုးသမီးအပျော်တမ်း ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best)ကိုချီးမြှင့်ရာ ပြိုင်ပွဲသုံးရက်စလုံးတွင် ပထမနေ့ ၇၇ ချက်၊ ဒုတိယနေ့

M.P.G.A နှင့် M.G.F ဥက္ကဋ္ဌဗိုလ်ချုပ်ဝင်းလှိုင်က Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသည့် အောင်ဝင်း(Y.C.D.C)အား Crystal Trophy ဆုချီးမြှင့်စဉ်။
(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

၇၈ချက်နှင့်တတိယနေ့တွင်၇၅ချက်ဖြင့်ရရှိသွားသည့်ခင်သူသူ(Y.C.D.C)အားဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ Rothmans of Pall Mall Myanmar Pte.,Ltd. မှ Special Project မန်နေဂျာ ဦးမြင့်သိန်းက အမျိုးသားအပျော်တမ်း ပြိုင်ပွဲတွင် နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများ ဖြစ်ကြသည့် ပထမနေ့ ပြိုင်ပွဲတွင် ဇော်ဇင်ဝင်းနှင့်အောင်အောင်ကျော်တို့က ၇၂ ချက်စီ၊ ဒုတိယနေ့ပြိုင်ပွဲတွင် ယဉ်အောင်လတ်က ၇၂ ချက်၊ တတိယနေ့ ပြိုင်ပွဲတွင်အောင်အောင်ကျော်က ၆၈ ချက်နှင့် စတုတ္ထနေ့ ပြိုင်ပွဲတွင် ဇော်ဇင်ဝင်းက ၆၉ ချက်တို့အားလည်းကောင်း၊ M.P.G.A နှင့် M.G.Fအမှုဆောင် ဦးကိုကိုလေးက Professional Golfers ပြိုင်ပွဲတွင်လည်း နေ့အလိုက်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best)ရရှိကြသောဂေါက်သီးရိုက်အားကစားသမားများ ဖြစ်ကြသည့် ပထမနေ့ပြိုင်ပွဲတွင် ဇော်ဇော်လတ်(Pan-West)က ၆၈ ချက်၊ ဒုတိယနေ့ ပြိုင်ပွဲတွင် မြင့်ရွှေ(Wilson)က ၆၉ချက်၊ တတိယနေ့ပြိုင်ပွဲတွင် စိုးကျော်နိုင်(Pan-West)၊ သန်းနိုင်(Wilson)နှင့် ကျော်စွာလင်း(Ping)တို့က ၇၁ ချက်စီ၊ စတုတ္ထနေ့ ပြိုင်ပွဲတွင်အောင်ဝင်း(Y.C.D.C)က အချက်၇၀အားလည်းကောင်း၊ Htoo Trading Co.,Ltd.မှ ဦးဇော်မင်းက အမျိုးသမီးအပျော်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၃၀ ဖြင့် ဗိုလ်စွဲသွားသည့် ခင်သူသူ(Y.C.D.C)၊ စုစုပေါင်းရိုက်ချက် ၂၅၄ချက်ဖြင့် ဒုတိယရရှိသော ခင်မာညွန့်နှင့် စုစုပေါင်းရိုက်ချက် ၂၆၇ချက်ဖြင့်တတိယရရှိသောဌေးဌေး တို့အားလည်းကောင်းဆုများကို ချီးမြှင့်ကြသည်။

ယင်းနောက် M.P.G.A နှင့် M.G.F ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်က အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၂၈၄ ချက်ဖြင့် ဗိုလ်စွဲသွားသည့် ဇော်ဇင်ဝင်း၊ စုစုပေါင်းရိုက်ချက်၂၈၈ချက်ဖြင့်ဒုတိယရရှိသော အောင်အောင်ကျော်နှင့် စုစုပေါင်းရိုက်ချက်၂၉၄ချက်ဖြင့် တတိယရရှိသောသိန်းဇော်မြင့်တို့အားလည်းကောင်း၊ Professional Golfers ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက်၂၈၇ချက်ဖြင့် ဗိုလ်စွဲသွားသည့် အောင်ဝင်း(Y.C.D.C)၊ စုစုပေါင်းရိုက်ချက်၂၈၈ချက်ဖြင့်ဒုတိယရရှိသော ချန်ပီယံဟောင်းစိုးကျော်နိုင်(Pan-West)၊ စုစုပေါင်းရိုက်ချက် ၂၉၀ဖြင့်တတိယရရှိသောဇော်ဇော်လတ်(Pan-West)တို့အားလည်းကောင်း ဆုများအသီးသီး ချီးမြှင့်သည်။ Professional Golfers ပြိုင်ပွဲတွင် ဗိုလ်စွဲသွားသောအောင်ဝင်း(Y.C.D.C) အား ဆုကြေးငွေချက်လက်မှတ်ကို Rothmans of Pall Mall Myanmar Pte.,Ltd. Joint Deputyမန်နေဂျင်းဒါရိုက်တာ ဗိုလ်မှူးသိန်းအောင်(ငြိမ်း)ကပေးအပ်ပြီး ပဲခူးမြို့နယ်ရှိ Hanthawaddy Golf and Country Club ကို ဂုဏ်ပြုအမှတ်တရ လက်ဆောင်ကိုပေးအပ် ချီးမြှင့်ရာ Club ဒါရိုက်တာ ဒုတိယဗိုလ်မှူးကြီးလေးမြင့်(ငြိမ်း)က လက်ခံသည်။

ထို့နောက် M.P.G.A အထွေထွေအတွင်းရေးမှူး Professional Golfer ဦးချမ်းဟန်က Rothmans of Pall Mall Myanmar Pte.,Ltd. အားဂုဏ်ပြုအမှတ်တရလက်ဆောင်ကို ပေးအပ်ချီးမြှင့်ရာ Joint Deputy မန်နေဂျင်းဒါရိုက်တာဗိုလ်မှူးသိန်းအောင်(ငြိမ်း)ကလက်ခံသည်။

ယင်းပြိုင်ပွဲကို Main Sponsor အဖြစ် Rothmans of Pall Mall Myanmar Pte.,Ltd. က တာဝန်ယူပြီး Air Mandalay၊ Grand Slam(Musing Wear)၊ Loi-Hein (Alpine)၊ K.M Golf Centre၊ Maruman နှင့် Wilson၊ Canon၊ U.P.G၊ Hole-In-One ဆုကို Sun Far Travels and Tour ကလည်းကောင်း၊ Pan-West နှင့် Eastern Pro Enterprise, Tiger Beerနှင့်ဟံသာဝတီ ဂေါက်ကွင်းတို့ကလည်း အသီးသီး ပံ့ပိုးကူညီကြသည်။ စတုတ္ထပွဲစဉ် ဥက္ကဋ္ဌဖလားဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Organized By Han Event Managementကတာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ သုခလမ်း၊ အမှတ်(၅)နေ
ဦးတင်မောင်သန်း(အောင်ရတနာကုန်စည်ပို့ဆောင်ရေး၊ဘုရင့်နောင်)–ဒေါ်တင်အုန်းကြည်တို့၏သားလတ်

မောင်အောင်ကျော်ဖြိုး
B.A(French)
Director (Myanmar Iwatani LPG Trading Co.,Ltd.)

နှင့်

ရန်ကုန်မြို့ ကာကွယ်ရေးဝန်ကြီးဌာနမှ
ဗိုလ်ချုပ်သန်းဌွေး–ဒေါ်နွဲ့နွဲ့ဝင်းတို့၏သမီးကြီး

မအိမြဖြူစင်ငွေး
B.Sc(Maths)
IDCS(NCC,UK),IHDCS(NCC,UK)
Business Administration Diploma Level I&II (ABE,UK)
Director (Myanmar Iwatani LPG Trading Co.,Ltd.)

တို့၏ ၂၉–၁၁–၂၀၀၃ရက်တွင် **Sedona Hotel** ၌ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့အားလည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်ဇနီး ဒေါ်မြမြစန်းတို့အားလည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသောနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်းတို့အားလည်းကောင်း၊ ကြွရောက် ချီးမြှင့်ပေးကြပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့်ဇနီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့်ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၀–၁၁–၂၀၀၃ ရက်နေ့တွင် Sedona Hotel Executive Clubတွင်ကျင်းပပြုလုပ်သည့် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးကြပါသော ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ထွန်းနှင့်ဇနီး၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမောင်နှင့် ဇနီးတို့အားလည်းကောင်း၊ ၂၉–၁၁–၂၀၀၃ရက်နေ့တွင် Hotel Nikko Royal Lake ၌ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြပါသော လူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက်အောင်မြင်ရေးအတွက် အဘက်ဘက်မှဝိုင်းဝန်း ကူညီပေးကြသူများအားလည်းကောင်း၊ Sedona Hotel နှင့် Hotel Nikko Royal Lake မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ကျော်ဖြိုး – မအိမြဖြူစင်ငွေး

ကျေးဇူးတင်လွှာ

ကျွန်တော် ကျွန်မတို့၏ မင်္ဂလာအခမ်းအနားတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာပန်းကြဲပေးသော ညီမလေး မယမင်းအေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံးကို ကိုင်ဆောင်ပေးသော မကေဇင်ထိုက်၊ မင်္ဂလာလက်စွပ် ကိုင်ဆောင်ပေးသော မနှင်း ဖြူဖြူအိ၊ မင်္ဂလာသတို့သားနှင့် သတို့သမီးအရန်အဖြစ် ဆောင်ရွက်ပေးကြသော မောင်မိုးမြင့်သိန်းနှင့် မောင်ကျော်လင်းထက်၊ မခင်ကြည်သာနှင့် မနေခြည်သာ၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော ဒေါ်တင်တင်မြ၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးကြသော အေဝမ်းဦးစိုးမြင့်နှင့် တေးသံရှင်များ၊ ပန်းအလှပြင်ဆင်ပေးသော Eternal Flowers၊ မိတ်ကပ်နှင့် ဆံပင် အလှပြုပြင်ပေးသော မိတ်ကပ်ဆန်နီနှင့်အဖွဲ့၊ မိတ်ကပ် အောင်အောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံ ဖန်တီးပေးသော မမဥ္ဇူ(အင်းလျားလမ်း)၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ဦးစိုင်းဘုန်းထူးနှင့်အဖွဲ့သားများ အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

မောင်အောင်ကျော်ဖြိုး – မအိမြဖြူစင်ငွေး

မောင်အောင်ကျော်ဖြိုး(ဖြိုးကြီး)နှင့် မအိမြဖြူစင်ငွေး(အိသဲ)အတွက် မင်္ဂလာဆုတောင်း

သူငယ်ချင်း ကိုဖြိုးနှင့်အိသဲတို့ရဲ့ ၂၉–၁၁–၂၀၀၃ မင်္ဂလာရက်မြတ်မှစ၍ သက်ဆုံးတိုင် သာယာပျော်ရွှင်သော မိသားစုဘဝကို ထာဝရ ပိုင်ဆိုင်နိုင်ပါစေ။

သူငယ်ချင်းများ
သက်ဝေအောင်၊ စိုးမင်း၊ ကျော်လင်း၊ နိုင်အောင်လင်း၊
ဝေလင်းအောင်၊ နေဝင်း၊ တေဇာ။

မြန်မာ့ချစ်စရာ စရိုက်တစ်ခုကို ကျောက်တန်းမြို့တွင် e-Library ဆောက်လုပ်လှူဒါန်းမှုက သက်သေထူ

သတင်းဆောင်းပါး-မောင်ကျော်ဟိုး (မဟာဝိဇ္ဇာ)
ဓာတ်ပုံ-သန်းအောင် (မြန်/ဆက်)

လူငယ်များအား ကွန်ပျူတာ ဗဟုသုတနှင့် IT အသိပညာတိုးပွားလာအောင် ပညာပေးထားခြင်းဖြစ်သည်ကို တွေ့ရ၊ မြို့တိုင်း မြို့တိုင်း ဤကဲ့သို့ တည်ထောင်နိုင်လျှင် လူငယ်များအတွက် IT ပညာရပ်ကို များစွာ အထောက်အကူ ပြုလာမည်ဟု ယုံကြည်မိပါသည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) (ယခုနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်)သည် ၇-၅-၂၀၀၁ ရက်နေ့ မုံရွာမြို့ ပညာ့အလင်း ခေတ်မီစာကြည့်တိုက် e-Libraryသို့ ရောက်ရှိစဉ် ဧည့်သည်တော် မှတ်တမ်း၌ အထက်ပါအတိုင်း ရေးသားမှတ်တမ်းပြုခဲ့သည်။

သည်မှတ်တမ်းပြုချက်သည် ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သက်ဝင်လှုပ်ရှားလျက် ရှိနေသည်။ ယင်းသက်ဝင်လှုပ်ရှားမှု၏ အကျိုးဆက်သည် ၁၆-၁၁-၂၀၀၃ရက် ရန်ကုန်တိုင်း ကျောက်တန်းမြို့ ပညာ့အလင်း e-Library စာကြည့်တိုက် ဖွင့်လှစ်ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။

ဤသို့ ဖွင့်လှစ်နိုင်ရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းမြင့်က ငွေကျပ်သိန်း ၄၃၀ တန် ပညာ့အလင်း e-Library စာကြည့်တိုက် အဆောက်အအုံကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ မေခလာ အင်တာနေရှင်နယ် ထရိတ်ဒင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးဇော်ဇော်နိုင်-ဒေါ်ရီရီမြင့်တို့က ငွေကျပ်သိန်း ၃၀ တန် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Fortune International Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမြဟန်က ငွေကျပ် သိန်း ၃၀ တန်ဖိုးရှိ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများ၊ မောင်ဝိတ် ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမောင်ဝိတ်က ငွေကျပ်ခုနစ်သိန်းကျော်တန် လေအေးပေးစက်၊ ဦးစောလှိုင်-ဒေါ်ခင်ညိုသင်း(လှကမ္ဘာကုမ္ပဏီလီမိတက်)က ငွေကျပ် ငါးသိန်းတန်မှန်ဗီရိုငါးလုံး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စာအုပ်ပေါင်း ၅၀၈ အုပ်၊ သာသနာရေးဝန်ကြီးဌာနက စာအုပ်ပေါင်း ၄၆ အုပ်၊ ရွှေနဂါးမင်း ထရိတ်ဒင်းကုမ္ပဏီလီမိတက်က စာအုပ်ပေါင်း ၃၈၈ အုပ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်ပေါင်း ၁၅၁၂ အုပ်တို့ကို အသီးသီးလှူဒါန်းကြသည်။

ထို့ပြင် စာကြည့်တိုက်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အိုလံပစ်ကုမ္ပဏီကငွေကျပ်ဆယ်သိန်း၊ "Farmer Phoyarzar Co., Ltd.ဦးမောင်မောင်တင်က ငွေကျပ်ခုနစ်သိန်း၊ ဦးငြိမ်းအောင်-ဒေါ်ခင်ရွှေ(ဒိုင်းနမစ်ဆောက်လုပ်ရေး)၊ ဦးမောင်ဝိတ် (မောင်ဝိတ်ကုမ္ပဏီလီမိတက်)၊ ဒေါက်တာ စိန်မြင့် (မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်း)၊ ဦးမြတ်သင်းအောင်-ဒေါ်ခင်မြင့်မြင့် (အေဝမ်းအောင် အင်တာပရိုက်စ်)၊ ဒေါ်အေးမြတ်နွယ်(ပုဂံဟိုတယ်)၊ ဦးကိုကိုထွေး(တော်ဝင် မိသားစုကုမ္ပဏီ)၊ ဦးဝင်းအောင်(ဒဂုံအင်တာနေရှင်နယ်)၊ ဦးသန်းမောင်(ရွှေပင်တိုင် ကုမ္ပဏီ)၊ ကုန်သည်/စက်မှုအသင်းချုပ်တို့က ငွေကျပ်ငါးသိန်းစီ၊ ဦးမျိုးဦး (ဦးကြူးမိသားစုဂျုံစက်)က ငွေကျပ် သုံးသိန်းနှင့် ကျန်အလှူရှင်ရှစ်ဦးတို့က ငွေကျပ်တစ်သိန်းစီ စုစုပေါင်းငွေပဒေသာပင်အဖြစ် ငွေကျပ် ၆၉ သိန်း စိုက်ထူလှူဒါန်းခဲ့ကြသည်။

လူ့လောကတွင် နိုင်ငံရေး၊ စီးပွားရေး စသည့် အရေးပေါင်းများစွာရှိရာ ပညာသည်လည်း အရေးကြီးသော အရေးတစ်ခုဖြစ်သည်။ ထို့ကြောင့်လည်း **ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့** ဟူသော ဆောင်ပုဒ်ကို တွေ့မြင်ရပါသည်။

အရေးပေါင်းများစွာတို့တွင် ပညာရေးသည် အလွန်ရှည်လျားကျယ်ဝန်းသော လုပ်ငန်းကြီးတစ်ရပ်ဖြစ်သည်။ သို့အတွက်တစ်မျိုးသားလုံးကပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည့် လုပ်ငန်းလည်း ဖြစ်သည်။

ယခုကဲ့သို့ နိုင်ငံသားပြည်သူများက ပညာ့အလင်း စာကြည့်တိုက် e-Libraryတစ်ခု ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူစရာကောင်းလှသည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် အလှူရှင် ဦးဝင်းမြင့်က စာပေဗဟုသုတများကို တကယ်တမ်းလေ့လာဆည်းပူးနိုင်မည်ဆိုလျှင် လူ့ဘဝခရီးလမ်းတစ်လျှောက်တွင် စာပေ၏အကျိုးရလဒ် အောင်မြင်မှုများရရှိနိုင်ကြောင်း၊ ကျောင်းစာအပြင် စာအုပ်စာပေ လူ့မိတ်ဆွေဆိုသကဲ့သို့ စာအုပ်စာပေများကို စဉ်ဆက်မပြတ် လေ့လာကြရန် မလွဲမသွေ လိုအပ်သည်ဆိုသည့်အချက်ကို လေ့လာတွေ့ရှိရကြောင်း၊ ထို့ကြောင့် ပညာဒါနအနေဖြင့် ရဟန်းရှင်လူ၊ လူကြီး လူငယ်၊ ကျားမ မရွေး၊ အချိန်အခါမရွေး ဖတ်ရှုလေ့လာခွင့်ရရှိစေနိုင်သည့် စာကြည့်တိုက်ဆောက်လုပ်လှူဒါန်းရန် ဆန္ဒတစ်ခု မိမိရင်ထဲတွင် ကိန်းအောင်း ဖြစ်ပေါ်လာ၍ ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

စာကြည့်တိုက်တစ်ခုဖွင့်လှစ်နိုင်ရန် အခြေခံလိုအပ်ချက်မှာ-

- **စာအုပ် (Book)၊**
- **အဆောက်အအုံ (Building)၊**
- **စာဖတ်သူ စာငှားသူ(Borrower)၊**
- **ငွေကြေး(Budget)၊**
- **စာကြည့်တိုက်လုပ်ငန်းကျွမ်းကျင်သူ (Brain)တို့ ဖြစ်သည်။**

စေတနာရှင်ပြည်သူများက လိုအပ်သောအဆောက်အအုံ၊ ငွေကြေး၊ စာအုပ်များလှူဒါန်း မတည်ပေးသကဲ့သို့ ပြန်ကြားရေးဝန်ကြီးဌာနက လိုအပ်သော စာကြည့်တိုက်ပညာ ကျွမ်းကျင်သူတို့ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ယခုအခါ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းနှင့် စေတနာရှင်ပြည်သူများ၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်း၍ ပညာ့အလင်း e-Iibrary စာကြည့်တိုက်ပေါင်း ၈၁ ခု ရှိနေပြီ ဖြစ်သည်။

မြန်မာလူမျိုးတို့၏ ချစ်စရာစရိုက်တစ်ခုမှာ အများပြည်သူ၏ အကျိုးစီးပွားအတွက် ပါဝင်ကူညီရာတွင် ဝန်မလေး၊ လက်မနှေးခြင်းပင် ဖြစ်သည်။ သည်ထူးခြားမှုကို အခြားနိုင်ငံများတွင် တွေ့မြင်ရခဲလှသည်။ သည်ပြယုဂ်ကို ကျောက်တန်းမြို့တွင် ပညာ့အလင်း စာကြည့်တိုက် e-Iibrary တစ်ခု တည်ဆောက်ပေးခဲ့သော မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် စေတနာရှင်ပြည်သူများက သက်သေထူလျက် ရှိနေပါကြောင်း ညွှန်းဆိုရေးသားလိုက်ရပါသည်။ ။

ကျောက်တန်းမြို့ ပညာ့အလင်းစာကြည့်တိုက်("e-Library") အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးဝင်းမြင့် ဆောက်လုပ်လှူဒါန်းသည့် ကျောက်တန်းမြို့ ပညာ့အလင်းစာကြည့်တိုက် ("e-Library") ကို တွေ့ရစဉ်။

နွားထိုးကြီးမြို့နယ်တွင် ဝါမျိုးစုံစုပေါင်းရောင်းချ

နွားထိုးကြီး နိုဝင်ဘာ ၂၀

နွားထိုးကြီးမြို့နယ် ဝါမျိုးစုံ စုပေါင်းရောင်းချပွဲများကို နိုဝင်ဘာ ၁၈ရက်က နွားထိုးကြီးမြို့နယ် မြို့မ၊ ဝက်လူး၊ပြင်စည်၊ လက်ဝဲ၊ စိန်ပန်းကျင်နှင့် ရွာကြီးအဝယ်ဒိုင်များ၌ ကျင်းပသည်။

ဝါမျိုးစုံ စုပေါင်းရောင်းချပွဲများသို့ နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး ခင်မောင်ဖြူနှင့် မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ မြင်းခြံခရိုင်မြန်မာ့ဝါနှင့် ပိုးချည်လုပ်ငန်း ခရိုင်မန်နေဂျာ ဦးလင်းမြတ်နှင့် ခရိုင်ဝါဝယ်ယူရေးတာဝန်ခံ ဒေါ်စန်းစန်းဝင်း၊ နွားထိုးကြီးမြို့နယ် ဝါမန်နေဂျာ ဒေါ်စန်းစန်းမြင့်နှင့်တာဝန်ရှိသူများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် စိုက်ကြပ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။ ထိုနေ့က ဝါဝယ်စခန်းခြောက်ခု၌ ဝါမျိုးစုံပိဿာချိန် ၂၂၀၀၀ ဝယ်ယူရရှိသည်။ (က-ပ)

ပေါင်မြို့နယ် မုတ္တမကျေးရွာ ကိုယ့်အား ကိုယ်ကိုး အလင်းပြစာကြည့်တိုက်ဖွင့်ပွဲကို နိုဝင်ဘာ ၁၈ ရက် နံနက်က စာကြည့်တိုက်ရှေ့တွင် ကျင်းပရာ စာကြည့်တိုက်ကို အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးလှဖေ (အငြိမ်းစား) နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

(၂၆၀)

ဝိုင်းမော်၊မြစ်ကြီးနားနှင့်မိုးကောင်းမြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ကြည့်ရှုစစ်ဆေး

ဝိုင်းမော် နိုဝင်ဘာ ၂၇

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် သူရဦးစိုးအောင်သည် ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးဌေးညွှန့်နှင့်အတူ နိုဝင်ဘာ ၂၃ ရက်က ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိပြီး မြို့တွင်းလမ်း လုပ်ငန်းဆောင်ရွက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေး

ဆက်လက်၍ မြစ်ကြီးနားမြို့ စိမ်းမြရောပန်းခြံနှင့် မြို့တွင်းလမ်းများကိုလည်းကောင်း၊ နိုဝင်ဘာ ၂၄ ရက်က မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာလမ်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် **(အပေါ်ပုံ)** မန်ရွတ်–ကျော်ကုန်းကျေးရွာချင်း ဆက်သွယ်သည့် တံတားဆောက်လုပ်နေမှုများကို စစ်ဆေးသည်။

ဆွေးနွေးမှာကြား

နိုဝင်ဘာ ၂၅ ရက်က ဒုတိယညွှန်ကြားရေးမှူးချုပ်သူရဦးစိုးအောင်သည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသော ကချင်ပြည်နယ် စည်ပင်သာယာရေးလုပ်ငန်းများ အဆင့်မြင့်တင်ဆောင်ရွက်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကာ လုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရန် ညှိနှိုင်းပေါင်းစပ်ပေးသည်။ ၎င်းနောက် မြို့ပြသန့်ရှင်းသာယာလှပရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဟန်ချက်ညီ မျှတစွာတိုးတက်ရေး၊ လုပ်ငန်းများလျာထားချက်နှင့် အညီ အချိန်မီပြီးစီးရေးကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ (က–ပ)

ဒေးဒရဲမြို့နယ် ဆုတောင်းပြည့်ကျိုက်ဒေးယျံစေတီတော်မြတ် ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ဒေးဒရဲ နိုဝင်ဘာ ၂၆

ဒေးဒရဲမြို့နယ် ဆုတောင်းပြည့် ကျိုက်ဒေးယျံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စေတီတော်မြတ်ကြီး၏ နှစ်ကျိပ်ရှစ်ဆူတန်ဆောင်း၌ နိုဝင်ဘာ၂၃ရက်က ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် အလှူရှင် ဦးကြည်ဇင်နှင့် ဇနီးတို့က ငွေကျပ် ၁၀ သိန်း၊ ဦးသန့်ဇင်နှင့် ဇနီး၊ ဦးစိုးဝင်းနှင့် ဇနီး၊ ဦးသိန်းဝင်းဖော်နှင့် ဇနီး၊ ဦးဌေးရင်နှင့် ဇနီး၊ ဦးလှသိန်းနှင့် ဇနီး၊ ဦးဇော်ထွန်းနှင့် ဇနီး၊ ဦးစိုင်းကျော်နှင့် ဇနီး၊ ဦးမြင့်စိုးနှင့် ဇနီး၊ ဦးကျော်ညွှန့်နှင့် ဇနီး၊ ဦးအေးဝင်းနှင့် ဇနီး၊ ဦးသန့်ဇင်နှင့် ဇနီး၊ ဦးအောင်ဇော်ဝင်းနှင့် ဇနီးတို့က ငွေကျပ် ငါးသိန်းစီ၊ ဦးမောင်မောင်သိန်းနှင့် ဇနီးတို့က ငွေကျပ်သုံးသိန်း စုစုပေါင်းငွေကျပ် ၇၃ သိန်းကို အလှူရှင်များကိုယ်စား မြို့နယ်ဥက္ကဋ္ဌ ဦးထိန်လင်းက ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်စိန်ထံ လွှဲပြောင်းပေးအပ်လှူဒါန်းသည်။

တရားချီးမြှင့်

ထို့နောက် တောကျောင်းတိုက်ဆရာတော် ဦးကုသလက ရေစက်ချအနုမောဒနာတရားချီးမြှင့်ကာ အလှူရှင်များက အမျှအတန်းပေးဝေကြသည်။ (မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ကွင်းဆင်းဆောင်ရွက်

နိုဝင်ဘာ၅ရက်က ကျုံပျော်မြို့နယ် သောင်ကြီး–ဒိုက်ပျက်လမ်းကျောက်ချောလမ်းခင်းရန် မြေသားလမ်းပြင်ဆင်မှုကို အဖွဲ့အမှုဆောင်အရာရှိ ဦးသန်းအေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဖြူတို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်နယ်နှင့်တိုင်း မောင်မယ်ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်မည့် တိုင်းအသင်းအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ပုသိမ် နိုဝင်ဘာ ၂၅

၂၀၀၃ ခုနှစ် (၃၅)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း မောင်မယ်ပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ကြမည့် ဧရာဝတီတိုင်းအသင်း၏ သရုပ်ပြပွဲနှင့် တိုင်းအသင်းအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ၁၉ရက်က ပုသိမ်မြို့ ဧရာရွှေဝါခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းမှ ရွေးချယ်ထားသော ကာယဗလမောင်နှင့် ကာယအလှမယ်များက သရုပ်ပြကြပြီး အလှူရှင်များက အလှူငွေများပေးအပ်ရာ တိုင်းအမျိုးသမီးရေးရာလုပ်ငန်းကော်မတီနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ အလှူငွေများကို တိုင်းမှူး၏ ဇနီးကလည်းကောင်း၊ တိုင်းအမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးလွင်က အလှူငွေကျပ် ၂၀၀၀၀ ကိုလည်းကောင်း၊ ခရိုင် အားကာစား ဆပ်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရင် (သီဟမှန်လုံ)က အလှူငွေကျပ် ၇၇၀၀၀ ကို အသီးသီးလှူဒါန်းကြသည်။ (ဓါပုံ) (က–ပ)

ရှေးဟောင်းဆေးကျမ်းပေစာများ တိုင်းရင်းဆေးပညာဦးစီးဌာနသို့လှူဒါန်း

သထုံ နိုဝင်ဘာ ၂၂

ကျန်းမာရေးဝန်ကြီးဌာနတိုင်းရင်းဆေးပညာဦးစီးဌာနသို့ ရှေးဟောင်းဆေးကျမ်းပေစာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် နံနက်က သထုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်အောင်က အမှာစကားပြောကြားပြီး တိုင်းရင်းဆေးသမားတော်ကြီး ဦးစံမြင့်နှင့် မြေးဆရာဦးမြင့်လွင်တို့က ရှေးဟောင်း၊ ဆေးကျမ်းပေစာ ခုနစ်ထုပ်ကို ပေးအပ်လှူဒါန်းရာ တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က လက်ခံရယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(ခရိုင် ပြန်/ဆက်)

နိုဝင်ဘာ၁၉ ရက်က ကျောက်ဖြူမြို့ ပညာရေးကောလိပ်ခန်းမ၌ကျင်းပသော ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ အိမ်ရှင်မများသို့ မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာဖြင့် မိသားစုကျန်းမာရေးစောင့်ရှောက်မှု မွမ်းမံသင်တန်းဆင်းပွဲတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့် အမှာစကားပြောကြားစဉ်။ (ခရိုင်ပြန်/ဆက်)

ဆားလင်းကြီး မြို့နယ်၌ ဆောင်းမြေပဲ စံပြကွက် စိုက်ပျိုး

ဆားလင်းကြီး နိုဝင်ဘာ ၂၂

မြေတစ်ဧက တင်း ၁၀၀ ထွက်ရှိရေးအတွက် ဆောင်းမြေပဲ အထွက်တိုးစံပြကွက်စိုက်ပျိုးပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက်က ရွာရှည်အုပ်စု ပလောင်ကျေးရွာ တောင်သူကြီး ဦးဌေးချွန်၏ ဦးပိုင်အမှတ်(၇၄/၃) ကျွန်းမြေ ၁ ဒသမ ၃၀ ဧကနှင့် တောင်သူကြီး ဦးတင်အောင်၏ ဦးပိုင်အမှတ်(၇၄/၂) ကျွန်းမြေ တစ်ဧကတို့၌ ကျင်းပသည်။

စိုက်ပျိုးပွဲတွင် ဆားလင်းကြီးမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးဘတိုးက ထွန်ရေး၊ ထယ်ရေး ကောင်းမွန်ရေး၊ အထွက်ကောင်းမျိုးသုံးစွဲရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ မြေဩဇာ အချိုးကျသုံးစွဲရေး၊ စိုက်ပျိုးနည်းစနစ်မှန်ကန်ရေးနှင့် ပေါင်းသင်၊ မြေဆွနည်းစနစ်မှန်ကန်ရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး လက်တွေ့စိုက်ပျိုးကြသည်။

